# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၅)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဘိန်းစိုက်ပျိုးမှု လျော့နည်းကျဆင်းရေး မဟာဗျူဟာ၊ နည်းဗျူဟာမှန်ကန်၍ အောင်မြင် မူးယစ်ဆေးဝါးပပျောက်ရေး အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဖော်ဆောင် နိုင်ငံတော်က ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် အစွမ်းကုန် ဆောင်ရွက်နေ

## စိုက်ပျိုးထုတ်လုပ်မှုများ ဆက်လက်ကျဆင်းရေး တားဆီးနှိမ်နင်းရေးလုပ်ငန်းတိုးမြှင့် နိုင်ငံတကာပူးပေါင်းကူညီခြင်းဖြင့် ရည်မှန်းချက် ပိုမိုဆောလျင်စွာရောက်ရှိမည်




နေပြည်တော် ဇွန် ၂၆

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီးပေးသည်။**

### တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr.Hul Phany နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### မီးရှို့ဖျက်ဆီးခဲ့

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ဇွန် ၂၆ ရက်သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illict Trafficking) ဖြစ်ကြောင်း၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ( မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany တို့ စက်ခလုတ်ကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပေးကြစဉ်။
(သတင်းစဉ်)




**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

# မူးယစ်ဆေးဝါးအန္တရာယ် ကင်းဝေးစေရေး တိုင်းရင်းသားပြည်သူအားလုံး လက်တွဲတိုက်ဖျက်

မူးယစ်ဆေးဝါးသည် လူသားတစ်ရပ်လုံးအား ခြိမ်းခြောက်လျက်ရှိသည်။ မူးယစ်ဆေးဝါး သုံးစွဲမိပါက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် စသည့်ရောဂါများဖြစ်ပွားပြီး လူငယ်များ ပန်းတိုင်မရောက်ခင် ပျက်စီးဆုံးရှုံးသွားရသည်။ ထို့ကြောင့် လူသားအားလုံးတို့၏ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါး အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်ရေး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပူးပေါင်းတိုက်ဖျက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်းချမှတ်ပြီး ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည်။ ပထမငါးနှစ်စီမံကိန်းကာလ ရည်မှန်းချက်များ အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့သည့်အပြင် ဘိန်းစိုက်ပျိုးမှုလည်း သိသာစွာ လျော့နည်းကျဆင်းလျက်ရှိသည်။

ထို့ပြင် ကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးအတွက် ဆရာ၊ ဆရာမများက ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခြင်းတို့ဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကို များစွာအထောက်အကူ ဖြစ်စေသည်။

နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူများကိုလည်း ထိရောက်စွာ ဖမ်းဆီး တရားစွဲဆိုနိုင်ခဲ့သည်။ ယင်းတို့သည် မူးယစ်ဆေးဝါးတားဆီးရေးကဏ္ဍ၏ အောင်မြင်မှုများပင် ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် **"မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား၊ မင်းဘဝ၊ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ"** ဟူသော နှိုးဆော်ချက်နှင့်အညီ လူသားများ၏ လူမှုဘဝတစ်ခုလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် တိုင်းရင်းသား ပြည်သူအားလုံးက အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည် ဖြစ်သည်။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ | ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင် တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညိဿရ) |
| ၇:၅၅ | Midweek Sports News |
| ၈:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅ | ဆီးချိုသွေးချိုရောဂါဆိုင်ရာ ဆွေးနွေးမေးမြန်းခန်း (ပထမပိုင်း) (ပါမောက္ခ ဒေါက်တာတင်ဆွေလတ်) |
| ၈:၄၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅ | မြန်မာ့မျိုးဆက်သစ်တို့၏ ခြေလှမ်းအဆင့်မြင့် ဘောလုံးအားကစားသင်တန်း |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | သီတဂူ အာယုဒါနဆေးရုံတော် |
| ၁၀:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၄၅ | ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း |
| ၁၀:၅၅ | တေးဂီတအစီအစဉ် |
| ၁၁:၀၀ | International Video Topics (Sears Tower) |
| ၁၁:၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၂၅ | အမျိုးသားကန်တော်ကြီးဥယျာဉ် (သဘာဝငှက်ဥယျာဉ်) |
| ၁၁:၅၀ | တေးဂီတအစီအစဉ် |
| ၁၁:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂:၀၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (General English မဂ္ဂဇင်းအယ်ဒီတာချုပ် လွတ်လပ်အိမ်နှင့် တွေ့ဆုံခြင်း) |
| ၁၂:၂၅ | တေးဂီတအစီအစဉ် |
| ၁၂:၃၀ | တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေး အစဉ်သုံးပေးဆပ်ပြာမွှေး |
| ၁၂:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၄၅ | တေးဂီတအစီအစဉ် |
| ၁၂:၅၀ | မြေအိုးထမင်းနှင့် အခြားဟင်းလျာများ (အပိုင်း-၂) (မြေအိုးထမင်း၊ အာလူးအမျှင်သုပ်၊ ငှက်ပျောဖူးသုပ်) |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**




**ဖခင်ကြီး ဦးချစ်တိုး (၁၆) နှစ်ပြည့် အားရည်စူး၍ မိခင်ကြီးဒေါ်သန်း၏ (၈၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမှတ် ၁၂(ဘီ) မြေညီထပ်၁၆၃ လမ်း တာမွေမြို့နယ်မှ သားသမီး၊ မြေးမြစ်တစ်စုတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်း၊ သုံးထပ်ဘိုးဘွားဆောင်အတွက် အလှူငွေကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ငါးသိန်းကို အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ဖခင်ကြီး ဦးညွန့်ဟန် နှစ်(၂၀)နှင့် မိခင်ကြီး ဒေါ်ဒေါ်လု (၁၀) နှစ် ပြည့်တို့အား ရည်စူး၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၆လမ်း အမှတ်(၁၅၂) နေ ဦးစောမြင့်ဦး-ဒေါ်ခင်ဝေဦး၊ သား သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး
# ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြား






နေပြည်တော် ဇွန် ၂၆

**သာသနာရေးဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

### တက်ရောက်

အဆိုပါ အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်တို့မှ သာသနာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးဦးမြင့်ဦးက ယခင်လုပ်ငန်းညှိနှိုင်း အစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပြည်နယ်နှင့် တိုင်း၊ ခရိုင်သာသနာရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ကလေးမြို့ရှိ နေရဋ္ဌရာ လူငယ်ပျိုးခင်း သင်တန်းကျောင်းနှင့် ပခုက္ကူမြို့ရှိ တောင်ဇလပ် လူငယ်ပျိုးခင်း သင်တန်းကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံမောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က သက်ဆိုင်ရာဌာနများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**




**ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ(၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

နိုင်ငံတကာ၌ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေနှင့်လည်း ပြည်နယ်၊တိုင်း အသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုကဲ့သို့ ထူးခြားသည့် နေ့ရက် အထိမ်းအမှတ်အခမ်းအနားများကို ဂုဏ်ပြုသည့်အနေနှင့်မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်တစ်ခုဖြစ်သည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ရန်ကုန်မြို့၌ အကြိမ်(၂၀)အထိ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့် အခြားမြို့များ၌လည်း မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၄၂)ကြိမ်ရှိခဲ့ပြီးဖြစ်ကြောင်း။

**မီးရှို့ဖျက်ဆီး**

ရန်ကုန်မြို့တွင် ယမန်နှစ်က အကြိမ်(၂၀)မြောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကျင်းပပြီးနောက်ပိုင်း ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့၌ တစ်ကြိမ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် မီးရှို့ဖျက်ဆီးမှု ပြုလုပ်ခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးမှု ငါးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်၍ ယခုအကြိမ် အပါအဝင်ဆိုလျှင် မီးရှို့ဖျက်ဆီးမှု ခြောက်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း။

**ပထမဆုံး**

ယခင်နှစ်များတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အနေနှင့် ဗဟိုအဆင့် မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးပွဲများကို ရန်ကုန်မြို့တွင်ရှိသည့် မူးယစ်ဆေးဝါးပြတိုက်မှာ ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင် ဗဟိုအဆင့် မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲကို နယ်တွင် ကျင်းပခြင်းသည် လားရှိုးမြို့က ပထမဆုံးပင်ဖြစ်ကြောင်း၊ ယင်းသို့ ကျင်းပရခြင်းမှာလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုများ ကျဆင်းလာသည်ကို တွေ့ရသကဲ့သို့ အစားထိုးစိုက်ပျိုးရေး၊ အစားထိုး ဖွံ့ဖြိုးရေး၊ တားဆီးနှိမ်နင်းရေးများလည်း ထူးထူးခြားခြား အောင်မြင်မှုများတွေ့ရှိခြင်းကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဧရိယာကို အထူးပြုဖော်ဆောင်သည့် အနေနှင့် ဧည့်သည်တော်ကြီးများကို ဖိတ်ခေါ်ပြီး ဗဟိုအဆင့် အခမ်းအနားများကို ကျင်းပခြင်းပင်ဖြစ်ကြောင်း။

**ပါဝင်လက်တွဲ**

မူးယစ်ဆေးဝါးကြောင့် ပေါ်ပေါက်နေသည့် ပြဿနာရပ်များကို သိရှိပြီး အသက်သွေးချွေးများ ပေးဆပ်ကာ ကမ္ဘာမြေပေါ်က အပြီးတိုင်ကွယ်ပျောက်သွားစေရေးအတွက် မြန်မာအစိုးရက နည်းလမ်းပေါင်းစုံနှင့် ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး၏ အကျိုးဆက်အနေနှင့် လူ့အဖွဲ့အစည်းအတွင်း ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး နယ်ပယ်များတွင် ပြဿနာတစ်ရပ် အနေနှင့် ရှိနေခြင်းကြောင့် မြန်မာနိုင်ငံအနေနှင့် ပြည်သူလူထုကပါ ပါဝင် လက်တွဲပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၇ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု ပပျောက်ရေးနေ့ အခမ်းအနားသို့ UNODC အမှုဆောင်ညွှန်ကြားရေးမှူးက ပေးပို့သည့် သဝဏ်လွှာမှာလည်း မူးယစ်ဆေးစွဲခြင်းကို အရှိန်လျှော့ချနိုင်ခဲ့ပြီဟု ယူဆနိုင်သည့် အပြုသဘောဆောင်သော အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ UNODCထုတ်ပြန်သည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာမှာလည်း မူးယစ်ဆေးဝါး ပြဿနာကို ထိန်းချုပ်နိုင်ခဲ့ကြောင်းကို အထောက်အထားများဖြင့် ဖော်ပြထားကြောင်း၊ ကိုကင်း၊ ဟယ်ရိုးအင်း၊ ဆေးခြောက်နှင့် ATS အားလုံးလိုလိုတွင် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် အလွဲသုံးခြင်းစသည့် ကဏ္ဍအသီးသီးတွင်တည်ငြိမ်မှုလက္ခဏာများကို တွေ့ရှိနေရကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ တစ်ကမ္ဘာလုံးတွင် မူးယစ်ဆေးဝါး ပြဿနာများ ရပ်တန့်သွားသည်ကို တွေ့မြင်သည်ဟု ပထမဦးဆုံး ဖော်ပြထားခြင်းပင်ဖြစ်ကြောင်း။

**ကမ္ဘာကိုအသိပေး**

ကမ္ဘာ့နိုင်ငံများ အားလုံးက လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှုများ၏ ရလဒ်အနေနှင့် ၁၀နှစ်အတွင်း ဘိန်းစိုက်ပျိုးမှု လျော့နည်းချုပ်ငြိမ်းလာပြီဆိုသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ သာဓကအနေနှင့် တင်ပြရလျှင် မိမိတို့ အာဆီယံ ၁၀ နိုင်ငံထဲက လာအိုနိုင်ငံမှာဆိုလျှင် တစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှု မရှိတော့ဘဲ ဘိန်းကင်းမဲ့နိုင်ငံ အနေနှင့် ကမ္ဘာကို အသိပေးကြေညာနိုင်ပြီဖြစ်ကြောင်း။

အလားတူပင် ဘိန်းပပျောက်ရေး အတွက် မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် United Nations Office on Drugs and Crime, UNODC ၏ အစီရင်ခံစာများအရ လွန်ခဲ့သည့်၁၀နှစ်ဖြစ်သည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု လျော့ကျလာသည်ကို သိသာထင်ရှားစွာ တွေ့ရမှာဖြစ်ကြောင်း။

– ၁၉၉၇ ခုနှစ်တွင် ဘိန်း ၁၅၅၁၅၀ ဟက်တာ စိုက်ပျိုးပြီး ဘိန်း၁၆၇၆ တန် ထွက်ရှိခဲ့ကြောင်း၊
– ၂၀၀၆ ခုနှစ်တွင် ဘိန်း ၂၁၅၀၀ ဟက်တာစိုက်ပျိုးပြီး ၃၁၅ တန် ထွက်ရှိကြောင်း တွေ့ရကြောင်း၊

ယင်းသို့ ဘိန်းစိုက်ပျိုးမှုလျော့နည်းကျဆင်းမှုများက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ချမှတ်အကောင်အထည်ဖော်နေသည့် မဟာဗျူဟာ၊နည်းဗျူဟာမှန်ကန်၍ အောင်မြင်မှုရလဒ်များအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်း၊ အကျိုးဆက်များအဖြစ် မကြာခင်ကာလအတွင်း၌ မိမိတို့မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းတော့မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း။

**မျှော်မှန်းထား**

ယင်းမဟာဗျူဟာ၊ နည်းဗျူဟာ အရ မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲမှု ပပျောက်ရေးအတွက် ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို အမျိုးသားရေးတာဝန် အနေဖြင့် သတ်မှတ် အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ကိုယ်ပိုင်စွမ်းအားအရင်းအမြစ်များဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး လက်ရှိကျဆင်းလာမှု အနေအထားနှင့် အလားအလာများအရ နိုင်ငံတကာက ပါဝင်ကူညီပူးပေါင်းဆောင်ရွက်မည်ဆိုလျှင်လည်း ရည်မှန်းချက်ကို ပိုမိုဆောလျင်စွာ ရောက်ရှိမည်ဟု ယုံကြည်ကြောင်း၊ စီမံကိန်းကာလ မပြည့်မီမှာပင် မြန်မာနိုင်ငံ၌ ဘိန်းလုံးဝကင်းစင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း။



**ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။** (သတင်းစဉ်)

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ ဆက်လက်ပြီး လျော့နည်းကျဆင်းသွားစေရန်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်းတိုးမြှင့်တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဘိန်းချက်စခန်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများနှင့် လက်နက်ခဲယမ်းများကိုပါ လားရှိုး မူးယစ်အထူးအဖွဲ့ အပါအဝင် ပူးပေါင်းအဖွဲ့က ထူးခြားစွာ ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးဖြစ်စဉ်အချို့ကို ဆက်လက်တင်ပြလိုကြောင်း။

၂၀၀၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ကွတ်ခိုင်မြို့နယ် မန်ဟိုတီးရွာဟောင်းမှာ ပူးပေါင်းအဖွဲ့က ဘိန်းချက်စခန်းတစ်ခုကို လက်နက်မျိုးစုံလေးလက်၊ ဘိန်းစိမ်း ၂၇ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၀၀၀ ပြား၊ ဘိန်းရည် ၂၇ လီတာ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင်လည်း ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် လွယ်ကျေးခန်းတောင်၏ လျှိုအတွင်းမှာရှိသည့် ဘိန်းချက်စခန်းကို ရှင်းလင်းရာ ဘိန်းဖြူဘလောက်တုံးရိုက်စက် တစ်လုံးနှင့် ဓာတုပစ္စည်းများသိမ်းဆည်းရမိခဲ့ပြီး သိန်းနီမြို့နယ် မန်လင်ကျေးရွာမှ ဘိန်းဖြူ ၂၀ဒသမ၃ ကီလို၊ ဘိန်းညို ၇ဒသမ၃ ကီလို၊ လက်နက်ငယ်တစ်လက်၊ ၎င်းကျည်ကတ် တစ်ခုနှင့် ကျည်ငါးတောင့်တို့ သိမ်းဆည်းရမိခဲ့ကြောင်း။

**သိမ်းဆည်းရမိ**

၂၀၀၇ ခုနှစ် ဧပြီ ၂၃ ရက်တွင်လည်း ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် ပန်ဆေးကျေးရွာတွင် ဘိန်းစိမ်း ၁၄၆ဒသမ၇ ကီလိုနှင့် ဘိန်းဖြူ ၃၀၀ ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း။

၂၀၀၇ခုနှစ် မေ ၂၆ရက်တွင်လည်း ပူးပေါင်းအဖွဲ့သည် နမ့်လုပ်ကျေးရွာအနီးရှိ တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၀ ပြားကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး လျှိုအတွင်းမှ အက်ဖီဒရင်း ၂၇၆ ကီလို၊ ဘိန်းစိမ်း ၄၆ ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြားနှင့် ဆေးပြားရိုက်စက် နှစ်လုံး၊ ဓာတုပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း။

**လွှဲပြောင်းပေးအပ်**

၂၀၀၇ခုနှစ် မတ်၂၅ရက်တွင်လည်း မြန်မာ–တရုတ်နယ်စပ်၌ တရုတ်နိုင်ငံရဲတပ်ဖွဲ့က မြန်မာပိုင် နယ်နိမိတ်တွင် မူးယစ်ဆေးဝါး ဖမ်းဆီးစဉ် တရုတ်နိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် သုံးဦး ကျဆုံးမှုနှင့် ပတ်သက်ပြီး ကျူးလွန်သူတရားခံများကို တရုတ်နိုင်ငံ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းပြီး ဧပြီ ၃၀ ရက်တွင် စတင်ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံမှ အလိုရှိသည့် အဓိကတရားခံ ရှောက်ဂူ(ခ)လဲဂူ(ခ)ဓောင်းဟူကို ၂၀၀၇ ခုနှစ် မေ ၂၄ ရက်တွင် ဝိုင်းမော်မြို့နယ် ပန်တောင်ကျေးရွာ မြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ လယ်တဲတွင် ဖမ်းဆီးရမိခဲ့ပြီး ရှောက်ဂူ(ခ)လဲဂူ(ခ) ဓောင်းဟူကို တရုတ်နိုင်ငံသို့ ၂၀၀၇ ခုနှစ် မေ ၃၀ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

**လွှဲအပ်ခဲ့**

အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေနှင့် ၂၀၀၁ ခုနှစ်မှ ယနေ့အထိ တရုတ်နိုင်ငံသို့ မူးယစ်ဆေးဝါးတရားခံ ၆၃ ဦးကို (၁၉) ကြိမ် လွှဲအပ်ခဲ့ပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံကလည်း ၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ မြန်မာနိုင်ငံမှ အလိုရှိသည့် တရားခံ သုံးဦးကို နှစ်ကြိမ်လွှဲအပ်ခဲ့ကြောင်း။

ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအနေနှင့် ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ထိုင်းနိုင်ငံမှ အလိုရှိသည့် မူးယစ်ဆေးဝါး တရားခံ သုံးဦးကို နှစ်ကြိမ်လွှဲပြောင်းပေးအပ်ခဲ့ပြီး မြန်မာ

*စာမျက်နှာ ၄ ကော်လံ ၁ သို့*



**စာမျက်နှာ ၃ မှ**

နိုင်ငံက အလိုရှိသည့် မူးယစ်ဆေးဝါး တရားခံတစ်ဦးကို ထိုင်းနိုင်ငံက ၂၀၀၅ ခုနှစ်အတွင်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း။

**နှစ်စဉ်လျော့နည်း**

ဆက်လက်ပြီး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများကို သုံးသပ်တင်ပြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဘိန်းနှင့် ဘိန်းဖြူဖမ်းဆီးရမိမှုများအား နှိုင်းယှဉ်သုံးသပ်မည်ဆိုလျှင် ၁၉၉၇ ခုနှစ်တွင် ဘိန်းကီလို ၇၈၈၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး၊ ၂၀၀၆ ခုနှစ်တွင် ဘိန်းကီလို ၂၃၂၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် ဘိန်းဖြူကီလို ၁၄၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး၊ ၂၀၀၆ ခုနှစ်တွင် ဘိန်းဖြူ ကီလို ၁၉၂ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းကိန်းဂဏန်းများကိုကြည့်လျှင် (၁၀)စုနှစ်အတွင်းတွင် ဘိန်း၊ဘိန်းဖြူ ထုတ်လုပ်မှုလျော့လာ၍ ဖမ်းဆီးရမိမှုလည်းလျော့နည်းလာသည်ဟု အကြမ်းဖျင်း သုံးသပ်၍ရကြောင်း၊ သို့သော်တစ်ဖက်တွင် ဘိန်းနှင့် ဘိန်းဖြူများကို နှစ်စဉ်လျော့နည်းဖမ်းဆီးရမိသည်ကိုလည်း တွေ့ရှိရကြောင်း။

၁၉၉၆ ခုနှစ်မှ စတင်ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို မြန်မာနိုင်ငံတွင် ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၁ ခုနှစ်အထိ နှစ်စဉ် တိုးမြင့် ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၀၁ခုနှစ်မှာဆိုလျှင် အများဆုံး စိတ်ကြွရူးသွပ်ဆေးပြား ၃၂သန်းကျော်အထိ ဖမ်းဆီးရမိခဲ့ပြီးနောက်ပိုင်း ဤနေရာတွင် စိတ်ကြွဆေးများကို ဘိန်း၊ ဘိန်းဖြူအစား မြန်မာနိုင်ငံက အစားထိုးထုတ်လုပ်လာသည်ဟု ဌာနအချို့က စွပ်စွဲပြောဆိုကြကြောင်း၊ မိမိတို့ ခဏခဏပြောဆို ရှင်းပြသကဲ့သို့ပင် စိတ်ကြွဆေးများသည် Synthetic Drugs ဖြစ်ပြီး ဓာတုဗေဒပစ္စည်းများလိုကြောင်း၊ ယင်း ဓာတုဗေဒပစ္စည်းများကို မြန်မာနိုင်ငံက မထုတ်လုပ်ဘဲ အိမ်နီးချင်းနိုင်ငံများက တရားမဝင်လမ်းကြောင်းက ဝင်ရောက်လျက်ရှိကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရန်လိုအပ်သည့် ဓာတုပစ္စည်းများကိုလည်း ၂၀၀၃ ခုနှစ်တွင် ၃၉၀၀၀ လီတာကျော်၊ ၂၀၀၄ ခုနှစ်တွင် ၁၇၀၀၀ လီတာကျော်၊ ၂၀၀၅ခုနှစ်တွင် ၁၇၈၀၀ လီတာကျော်၊ ၂၀၀၆ခုနှစ်တွင် ၁၆၇၀၀ လီတာကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဓာတုပစ္စည်းများ တရားမဝင် လမ်းကြောင်းသို့ ရောက်ရှိမသွားအောင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး အလေးအနက်ထား တားဆီးကာကွယ်ထိန်းချုပ် ဆောင်ရွက်လျက်ရှိကြောင်း အသိပေး ပြောကြားလိုကြောင်း။

**မျက်ခြည်မပြတ်**

ဆက်လက်ပြီး မူးယစ်ဆေးဝါး လမ်းကြောင်းများပြောင်းလဲလာမှုအခြေအနေကိုတင်ပြလိုကြောင်း၊ ဓာတုဗေဒပစ္စည်းများသာပါဝင်ပေါင်းစပ်ဖော်ထုတ်၍ရသည့် Ketamine နဲ့ Ecstasyကို မြန်မာနိုင်ငံအတွင်း ထိုးဖောက်ဝင်ရောက်လာသည်ကိုတွေ့ရသည့်အတွက် တားဆီးနှိမ်နင်းရေးအဖွဲ့များက မျက်ခြည်မပြတ် စောင့်ကြည့် ဖော်ထုတ်သည့်အခါ စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများဖြစ်သည့် Psychotropic Drugs များပါ ဝင်ရောက်လာ၍ ဖော်ထုတ်ဖမ်းဆီးခဲ့သည့်ဖြစ်စဉ်များကို တင်ပြမည်ဖြစ်ကြောင်း။

**အစားထိုးသုံးစွဲ**

၂၀၀၆ ခုနှစ် ဒီဇင်ဘာလထဲတွင် ပါကစ္စတန်နိုင်ငံသားနှစ်ဦးက Ativan ဆေးပြား ၂၃၀၀၀၀၊ Bunorfin ထိုးဆေးပုလင်း ၁၉၅၀၊ Bunorfin ဆေးပြား ၁၇၇၀၀၊ Frisium ဆေးပြား ၅၉၀၀၊ Sosegon ဆေးပြား ၄၈၀၀ များကို တရားမဝင် ခိုးသွင်းလာ၍ ရန်ကုန်လေဆိပ် မူးယစ်အထူးအဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က စစ်ဆေးတွေ့ရှိပြီး မူးယစ်ဥပဒေနှင့်အရေးယူခဲ့ကြောင်း၊ မူးယစ်ဆေးဝါး သုံးစွဲသည့်သူများက ယင်း Psychotropic Drugs များကို ဘိန်း၊ ဘိန်းဖြူနှင့် အခြား စိတ်ကို ပြောင်းလဲစေသည့် ဆေးဝါးများ၏နေရာတွင် အစားထိုး သုံးစွဲနေသည့် ဆေးဝါးများဖြစ်သည်ဆိုသည်ကို တွေ့ရှိရကြောင်း။

ယင်းသို့ Psychotropic Drugs အစားထိုး ဝင်ရောက်လာခြင်းသည် မူးယစ်ဆေးဝါးများ မြန်မာနိုင်ငံအတွင်း ဈေးကွက်ရှားပါးလာသည့် အတွက် ပြည်ပကနေ ထိုးဖောက် ဝင်ရောက်လာသည်ဆိုသည်ကို သုံးသပ်၍ရကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးဈေးနှုန်းများ မြင့်တက်လာသည်ကို လွန်ခဲ့သည် လေးနှစ်ကျော်ကာလနှင့် နှိုင်းယှဉ်လျှင် ယခင် ဘိန်းဖြူ တစ်ကီလိုကို ငွေကျပ်သိန်း ၂၀၀ရှိပြီး ယခုနှစ်များ၌ ဘိန်းဖြူ တစ်ကီလိုကို ငွေကျပ်သိန်း ၈၀၀ထိဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ အလားတူပင် လွန်ခဲ့သည့် လေးနှစ်က စိတ်ကြွဆေးပြား တစ်ပြားကို ကျပ် ၇၀၀ သာရှိသော်လည်း ယခုစိတ်ကြွဆေးပြားတစ်ပြားကို ကျပ် ၅၀၀၀ အထိ ဈေးနှုန်းမြင့်တက်လာသည်ကို တွေ့ရကြောင်း၊ ယင်းသို့ဈေးနှုန်းများ မြင့်တက်လာသည်မှာလည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာခြင်း၊ တားဆီးနှိမ်နင်းရေးအပိုင်းတွင် ပိုမိုတင်းကျပ်စွာ ဆောင်ရွက်လာခြင်းများကြောင့် မူးယစ်ဆေးဝါး ရှားပြီး ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်ဆိုသည်ကို သုံးသပ်၍ရကြောင်း။

**ခြောက်ကြိမ်**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ယခုကဲ့သို့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သည်မှာ ယခုအကြိမ်အပါအဝင်ဆိုလျှင် ခြောက်ကြိမ်ရှိပြီးဖြစ်ကြောင်း၊ ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများအနက် အချို့ကိုဖော်ပြရမည်ဆိုလျှင် ဘိန်း ၃၃၄ ဒသမ၆၈ကီလို၊ ဘိန်းဖြူ ၆၇ဒသမ ၄၇ကီလို၊ ဘိန်းညို ၇ဒသမ ၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၅၇၃၉၅ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၄၃၇ ဒသမ၉ကီလို၊ အဆင့်နိမ့်ဘိန်း ၅၃၇ ဒသမ၆၈ကီလို၊ အက်ဖီဒရင်း၉၈ ဒသမ ၁၉ကီလို၊ ကဖင်း၁၀၄ဒသမ၂ကီလို၊ ဆေးခြောက်၀ဒသမ၅ကီလို၊ ကတ်တမင်း တစ်ကီလို၊ ဓာတုဆေးရည် ၆၃၁၉ဒသမ၁၄လီတာ၊ ဓာတုဆေးမှုန့် ၂၂၀၉ဒသမ၉၅ကီလို၊ ဘိန်းမျိုးစေ့ ၄၁၉ ဒသမ ၆၂ ကီလို၊ ဘိန်းပင် ၄၅၉ ပင်နှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ၇၀ မျိုးတို့ဖြစ်ကြောင်း။



**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မူးယစ်ဆေးဝါး အာနိသင်ပါသော ဖမ်းဆီးရမိဆေးရည်ပုလင်းများကို ဖျက်ဆီးပေးကြစဉ်။** (သတင်းစဉ်)



**ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

ယနေ့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ အမေရိကန်နိုင်ငံ လမ်းမပေါ်က လက်လီဈေးနှုန်းအရ တွက်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ ၂၇၂ ဒသမ ၅ သန်းကျော်ရှိကြောင်း။

**ဖိတ်ခေါ်**

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ခြင်းမပြုမီ လက်တွေ့စမ်းသပ် လေ့လာနိုင်ပါကြောင်း တစ်ဆက်တည်း ဖိတ်ခေါ်အပ်ကြောင်းဖြင့် ပြောကြားသွားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးအာနိသင်ပါသော ဖမ်းဆီးရမိဆေးရည်ပုလင်းများကို သတ်မှတ်ထားသည့်နေရာ၌ ဖျက်ဆီးပေးကြပြီး ခင်းကျင်းပြသထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။

**မီးရှို့ဖျက်ဆီး**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Nobutake Odano၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် နိုင်ငံသံအမတ်ကြီး H.E. Mr. Tran Van Tung တို့သည် စက်ခလုတ်ကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုလေ့လာ**

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် တာဝန်ရှိသူများ၊ သံအမတ်ကြီးများ၊သံရုံးယာယီတာဝန်ခံများ၊ ဌာနေကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များသည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့၊ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့၊ ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့က ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်း မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ

နေပြည်တော် ဇွန် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနား၌ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ–

**ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်းမီးရှို့ဖျက်ဆီးမည့်မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ၏ အမေရိကန်နိုင်ငံ ခန့်မှန်းတန်ဖိုး**

| စဉ် | အမျိုးအမည် | အလေးချိန် | | ဈေးနှုန်း | တန်ဖိုး(ဒေါ်လာ) | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကီလို | လီတာ | (ဒေါ်လာ) | | |
| ၁။ | ဘိန်း | ၃၃၄.၆၈၆၄၇၆ | | ၁၂,၅၀၀ | ၄,၁၈၃,၅၈၀.၉၅ | |
| ၂။ | ဘိန်းဖြူ | ၆၇.၄၇၆၄၉၅၈ | | ၁၂၅,၀၀၀ | ၈,၄၃၄,၅၆၁.၉၇ | |
| ၃။ | ဘိန်းညို | ၇.၃၀၂၄ | | ၁၂၅,၀၀၀ | ၉၁၂,၈၀၀ | |
| ၄။ | ဘိန်းဆီ | ၅.၅၇၀၅ | | | | |
| ၅။ | အဆင့်နိမ့်ဘိန်း | ၅၃၇.၆၈၃၀၈၄၇ | | | | |
| ၆။ | ဆေးခြောက် | .၅ | | ၅,၂၆၀ | ၂,၆၃၀ | |
| ၇။ | စိတ်ကြွဆေးပြား | ၄၀၅၇၃၉၅ | | ၂၀၀,၀၀၀ | ၈၁,၁၄၇,၉၀၀ | |
| ၈။ | စိတ်ကြွဆေးမှုန့် | ၄၃၇.၉၀၀၄၈ | | ၂၀၀,၀၀၀ | ၈၇,၅၈၄,၀၀၀ | |
| ၉။ | အက်ဖီဒရင်း | ၉၈.၁၉ | | ၆၀၀,၀၀၀ | ၅၈,၉၁၄,၀၀၀ | |
| ၁၀။ | ကဖင်း | ၁၀၄.၂ | | ၃၀၀,၀၀၀ | ၃၁,၂၆၀,၀၀၀ | |
| ၁၁။ | ကတ်တမင်း | ၁ | | ၁,၆၀၀ | ၁၆၀၀ | |
| ၁၂။ | ဓာတုဆေးရည် | | ၆၃၁၉.၁၄၂၁ | ၁၀.၄၅၈ | ၆၆,၀၈၅.၅၆ | |
| ၁၃။ | ဓာတုဆေးမှုန့် | ၂၂၀၉.၉၅ | | .၅၂၆ | ၁,၁၆၂.၄၃ | |
| ၁၄။ | ဘိန်းမျိုးစေ့ | ၆၈၅.၂၄၇ | | | | |
| | | ၄၁၉.၆၂၅(ပြည်) | | | | |
| ၁၅။ | ဘိန်းပင် | ၄၅၉ပင် | | | | |
| ၁၆။ | ဆက်စပ်ပစ္စည်း | ၇၀မျိုး | | | | |
| | | | | | | |

**(သတင်းစဉ်)**



# အလုံ သဘာဝဓာတ်အားပေးစက်ရုံ စက်လည်ပတ်မှု ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး ဓာတ်အားပုံမှန်ရရှိစေရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇွန် ၂၆

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၂၄ ရက်က တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အလုံသဘာဝဓာတ်အားပေးစက်ရုံ စက်လည်ပတ်နေမှု အခြေအနေနှင့် အမှတ်(၁) တာဘိုင်စက် Combution Inspection ပြုလုပ်မှုပစ္စည်း အသစ်လဲလှယ်တပ်ဆင်ခြင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံအစည်းအဝေးခန်းမ၌ အလုံသဘာဝဓာတ်အားပေးစက်ရုံ စက်ရုံမှူး ဦးသန်းနိုင်ဦးက စက်ရုံဆိုင်ရာ အချက်အလက်များကို ရုပ်ပုံကားချပ်များနှင့်တကွ ရှင်းလင်းတင်ပြသည်။

## မှာကြား

ထို့နောက် ဝန်ကြီးက ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ ရန်ကုန်မြို့တော်အား လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်စေရေး၊ ဓာတ်အားပုံမှန်ရရှိစေရေး၊ ဓာတ်အားများ ခိုးယူသုံးစွဲမှုများနှင့် ဓာတ်အားများ လေလွင့်ပျောက်ဆုံးမှု လျော့နည်းပပျောက် စေရေးတို့အတွက် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဓာတ်အားထိန်းချုပ်ခန်းရှိ Control Panel မှ Computer Control ပြုလုပ်၍ ဘွိုင်လာစက်တစ်လုံး မောင်းနှင်နေမှု၊ ရေသန့်စက်မှသန့်စင်ပြီးရေသန့်အပြည့်အဝ ထုတ်လွှတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်းရှိ အမှတ်(၁) ဓာတ်ငွေ့တာဘိုင်စက်တွင် Combution Inspection ပြုလုပ်ရန် အသစ်လဲလှယ်တပ်ဆင်မည့် Combution Liner များ၊ Nozzel များ၊ Cross Fire Tube များ၊ Air Inlel Fitter များနှင့် စက်မှ ဖြုတ်ချထားသော စက်အစိတ်အပိုင်း ပစ္စည်းအဟောင်းများ၊ ကျွမ်းကျင်လုပ်သားများဖြင့် တာဘိုင်စက်တွင် စက်ပစ္စည်းများ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သဘာဝဓာတ်အားပေးစက်ရုံအတွင်း ရေသန့်စင်ထုတ်လုပ်ပေးသည့် Raw Water တွင် ပါဝင်သည့် သတ္တုဓာတ်များနှင့် အမှုန်များအား ဖယ်ရှား၍ ရေကြမ်းမှရေသန့်စင်ထုတ်လုပ်ပေးနေမှုနှင့် ရေသန့်စင်ရာတွင် အသုံးပြုသည့် Reveres Osmasis Membrane အား ကြည့်ရှုစစ်ဆေး၍လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂၆

**၂၀၀၇ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

## အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ယင်းနောက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု လုပ်ငန်းအဖွဲ့များဖြစ်ကြသော အမျိုးသမီးရေးရာ မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်းအဖွဲ့၊ တေးသီချင်း၊ ပညာပေးရုပ်မြင်သံကြားဇာတ်လမ်း၊ ဆွေးနွေးခန်းများ ထုတ်လွှင့်ရေးလုပ်ငန်းအဖွဲ့၊ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ၊ ဆောင်ပုဒ်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးရေးလုပ်ငန်းအဖွဲ့၊ စာစီစာကုံးကျင်းပရေးလုပ်ငန်းအဖွဲ့၊ စာတမ်းဖတ်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့၊ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့၊ ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့၊ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်စိုက်ထူရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာအမျိုးသမီးများနေ့ ဝတ်စားဆင်ယင်မှု ပြပွဲနှင့် ပဒေသာကပွဲကျင်းပရေးလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်းအဖွဲ့များဖြစ်ကြသော ဖိတ်ကြားရေးနှင့် အခမ်းအနားဖြစ်မြောက်ရေးလုပ်ငန်းအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းအဖွဲ့၊ အခမ်းအနား ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့၊ အထူးဧည့်သည်တော်များနှင့် ဧည့်သည်တော်များအား ဧည့်ခံကျွေးမွေးရေးလုပ်ငန်းအဖွဲ့၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့၊ လုံခြုံရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဓာတ်ပုံပြကွက် ခင်းကျင်းပြသရေးလုပ်ငန်းအဖွဲ့နှင့် မိန့်ခွန်းပြုစုရေးလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များက လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

## ဖြည့်စွက်ဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) စုံညီစည်းဝေး

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ မျက်နှာစုံညီ အစည်းအဝေးကို ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၄ရက်နံနက်၉နာရီက ကျင်းပသည်။ အဆိုပါ အစည်းအဝေးတွင် အများဆန္ဒဖြင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာ ရှင်များအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအမှုဆောင်အဖွဲ့များကို ပြန်လည်ဖွဲ့စည်းခဲ့ရာ နာယကများအဖြစ် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၊ ဦးသုခ၊ ဦးအောင်မြင့်၊ ဦးထွန်းစိန်၊ ဦးညိုလေး၊ ဦးမှီ၊ ဦးရှိန်ထွန်း၊ ဦးဘဝင်း၊ ဦးထိပ်တင်စော၊ ဦးတော်တော်၊ ဦးစတားမြသန်း၊ ဦးနိုင်လေး၊ ဦးသာဒင်၊ ဦးစန်းလှိုင်၊ ဦးကြည်ဝင်း(ရန်ကင်း)နှင့် ဦးတင်နွယ်တို့ကို ရွေးချယ်သည်။

အလုပ်အမှုဆောင် အဖွဲ့အဖြစ် ဦးသောင်းဟန်(ဥက္ကဋ္ဌ)၊ ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်း(ဒုတိယဥက္ကဋ္ဌ-၁)၊ ဦးစောလှိုင်(ဒုတိယဥက္ကဋ္ဌ-၂)၊ ဦးရွှေမိတ် (ဒုတိယဥက္ကဋ္ဌ-၃)၊ ဦးအောင်သိန်း (ဒုတိယဥက္ကဋ္ဌ-၄)၊ ဦးတင်အောင် (ဒုတိယ ဥက္ကဋ္ဌ-၅)၊ ဦးကြည်ဝင်း (Today) (အတွင်းရေးမှူး)၊ တွဲဖက်အတွင်းရေးမှူးများ အဖြစ် ဦးသစ်လွင်စိုး၊ ဦးကျော်မြင့်၊ ဦးမြလွင်(ခ)ပန်းချီမြတင်၊ ဦးအောင်သွင်(ဘဏ္ဍာရေးမှူး)၊ဦးပြည်စိုးမြင့်(ပန်းချီနှင့်ပန်းထိမ်ပညာရေးရာမှူး)၊ ဦးတင်မြ (ပန်းပွတ်နှင့် ပန်းယွန်းပညာရေးရာမှူး)၊ ဦးသိန်းနိုင်(ပန်းတော့ပညာရေးရာမှူး)၊ဦးသပြေမြင့်သိန်း(ပန်းတည်းနှင့်ပန်းပဲပညာရေးရာမှူး)၊ ဦးလှကြူး (ပန်းရန်နှင့် ပန်းတမော့ပညာရေးရာမှူး)၊ ဦးလွင်မောင်(ပန်းပုပညာရေးရာမှူး)၊ ဦးသိန်းကျော် (စာရင်းစစ်မှူး)၊ ဦးတင်အောင်ထိုက် (တွဲဖက်စာရင်းစစ်မှူး)၊ ဦးမြတ်ဟန် (စည်းရုံးရေးမှူး)၊ ဦးစောတင့်ဝေ(တွဲဖက်စည်းရုံးရေးမှူး)၊ ဦးသိန်းလွင်(ပြန်ကြားရေးမှူး)၊ ဦးဒီအောင်သိန်း (တွဲဖက်ပြန်ကြားရေးမှူး)၊ ဦးသောင်းထွန်း(နိုင်ငံခြားရေးမှူး)၊ဦးမျိုးဟန်ကြွယ် (တွဲဖက်နိုင်ငံခြားရေးမှူး)နှင့် ဦးတင်လှဝင်းထင်၊ ဦးဇော်ဝင်း၊ ဦးအောင်ဘ၊ ဦးဝင်းမြင့်မိုး၊ ဦးသက်ဦး (မွန်သက်)၊ ဦးသက်ဦး၊ ဦးမျိုးသန့်အောင်တို့အား ရွေးချယ်ကြသည်။ **(က-ပ)**

# ရန်ကုန်အနောက်ပိုင်းခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန် အနောက်ပိုင်းခရိုင်၏ ၂၀၀၇-၂၀၀၈ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက စမ်းချောင်းမြို့နယ် ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ခရိုင်စီမံကိန်းဦးစီးမှူး ဦးစိုးမြင့်က ၂၀၀၇-၂၀၀၈ခုနှစ် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များ ပေးအပ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆင်ဘိုု၌ မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကျင်းပ

*ကချင် ပြည်နယ် ဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ပြည်သူများ အင်အား ၅၀၀ ခန့် တက်ရောက် ကြပြီး ဆင်ဘိုမြို့ ဆေးရုံသစ်ကြီး အရှေ့ အဝင် အထွက် လမ်းဘေးဝဲယာ၌ အရိပ်ရပင်များနှင့် ပန်းအလှပင် ၁၀၀၀ ကို တပျော်တပါး စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။*

*ဆင်ဘိုမြို့၌ မိုးရာသီ သစ်ပင်စိုက် ပွဲတော်ကို ဇွန် ၁၃ရက် နံနက် ၈နာရီက ဆင်ဘိုမြို့ ဆေးရုံသစ်ဝင်းအတွင်း၌ ကျင်းပရာ နယ်မြေခံ တပ်ရင်းမှူး ဗိုလ်မှူး ကျော်ဝင်းနိုင်၊ အထွေထွေ အုပ်ချုပ်ရေး*

(မြို့နယ် ပြန်/ဆက်)

# မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ

## ဖာပွန်မြို့၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကရင်ပြည်နယ် ဖာပွန်မြို့နယ် စုပေါင်းခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ဇွန်၁၁ရက် နံနက် ၇နာရီက ဖာပွန်မြို့ လေယာဉ်ကွင်းတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရဲထွင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့် အိမ်ထောင်စုဝင်များ၊ ပြည်သူများအင်အား၁၂၀၀ကျော်တက်ရောက်ကြပြီး ကြက်ဆူပင်ပေါင်း ၅၀၀၀ကျော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။ အဆိုပါ ကြက်ဆူပင် စိုက်ပျိုးပွဲသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင်မောင်ညွှန့်နှင့် တပ်မတော် အရာရှိများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကျင်းပ

နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို မေ၃၁ရက် မွန်းလွဲ၁နာရီက ရေနံချောင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဆွေက နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ **(၂၉၇)**

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ လှူဒါန်း

**ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပထမအကြိမ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၅ရက် မွန်းလွဲ ၁နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းတို့က လှူဒါန်းပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များ၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ အလှူရှင်များက ၂၁ လက်မရောင်စုံ ရုပ်မြင်သံကြားပြစက်သုံးလုံး၊ ရေဒီယိုကက်ဆက်ကြီး သုံးလုံး၊ ရေဒီယိုကက်ဆက်ငယ် တစ်လုံး၊ ရေဒီယိုငယ် ၁၃လုံး၊ စာအုပ်စာစောင် ၁၃၁အုပ်၊ ငွေကျပ် ၁၄၆၅၀၀ တို့ကို စုပေါင်းလှူဒါန်းကြောင်း သိရသည်။** (မြို့နယ် ပြန်/ဆက်)

## ရေစကြို၌ ပိုလီယိုဆေးတိုက်ကျွေး

မကွေးတိုင်း ရေစကြိုမြို့နယ် မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် ရေစကြိုမြို့ပေါ် အပါအဝင် တစ်မြို့နယ်လုံး ကျေးရွာ ၈၉အုပ်စုရှိ ကျေးရွာတိုင်းမှ မွေးကင်းစအရွယ်မှ အသက်ငါးနှစ်အတွင်းရှိ ကလေးငယ်များအား ပိုလီယိုဆေးတိုက်ကျွေးခြင်း လုပ်ငန်းကို ဇွန် ၉ရက်မှ၁၀ရက်အထိ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တစ်ပြိုင်တည်း တိုက်ကျွေးပေးကြကြောင်း သိရသည်။ **(၂၅၁)**

## ဟိုပင် မူကြိုနေ့ကလေးထိန်းကျောင်း ကျောင်းဆင်းပွဲ

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသည့် မူကြိုနေ့ကလေးထိန်းကျောင်း၏ မူကြိုအဆင့် ကျောင်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ ရက်နံနက် ၁၀ နာရီက မူကြိုကျောင်းခန်းမ၌ ကျင်းပရာ မြို့မိမြို့ဖဦးညီလေးနှင့် ဟိုပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းတို့က အမှာစကားပြောကြားကြပြီး တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းတင်က မူကြိုကျောင်းဆိုင်ရာ တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆင်းပွဲနှင့် မူကြိုအဆင့် အောင်လက်မှတ် ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းနှင့် တာဝန်ရှိသူများက ရင်သွေးငယ် ၅၅ ဦးတို့အား ကျောင်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ၊ ပန်းချီနှင့်ဓာတ်ပုံပြိုင်ပွဲ ရန်ကုန်တိုင်းမှ ဗဟိုအဆင့်ဆုရရှိသူများအား တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း ဆုများချီးမြှင့်

ရန်ကုန် ဇွန် ၂၆

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။** (အောက်ပုံ)



ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကား ပြောကြားရာတွင် ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး အနေဖြင့် ရင်ဆိုင်ဖြေရှင်းရသည့် ပြဿနာမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တက်တက်ကြွကြွ လှုပ်ရှားခဲ့သည်မှာ ယနေ့ပါဆိုလျှင် အကြိမ်(၂၀)ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ရှိသည့် ပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ဒေသအသီးသီးရှိ မူးယစ်ဆေးဝါးအလွဲသုံးစွဲမိလိုက်ပြီး ဆေးစွဲသူများဘဝရောက်ရှိနေသူများကို မူးယစ်ဆေးရဲ့လွှမ်းမိုးမှုမှ ကင်းဝေးအောင်၊ ဘဝတစ်သက်တာမူးယစ်ကင်းစင်သည့်ဘဝပြန်လည်ရောက်ရှိအောင် ပညာပေးပြုစုကုသရေးဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးကို နည်းမျိုးစုံနှင့် သုံးစွဲတာမျိုးမရှိအောင် ပြည်သူလူထုအတွင်း၊ အထူးသဖြင့် ကျောင်းသားလူငယ်များအတွင်း အသိပညာပေးလှုံ့ဆော်ခြင်းလုပ်ငန်း၊ ပညာပေးစည်းရုံးခြင်းလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ဖို့ အလွန်လိုအပ်ကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေဖို့ ပြည်သူလူထုအားလုံးပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆက်လက်တိုက်ဖျက်သွားကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

## ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသော ပန်းချီပြိုင်ပွဲ အသက်(၁၀)နှစ်အောက် ရှစ်ဦး၊ အသက်(၁၀-၁၅)နှစ် ခုနစ်ဦး၊ အသက်(၁၅-၂၀)နှစ် ငါးဦး၊ အသက်(၂၀)အထက် ငါးဦး၊ ကာတွန်းပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် ငါးဦး၊ အသက်(၁၀-၁၅)နှစ် ခုနစ်ဦး၊ အသက်(၁၅-၂၀)နှစ် သုံးဦး၊ အသက်(၂၀)အထက် ရှစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် ခုနစ်ဦး၊ အသက်(၁၀-၁၅)နှစ် ခြောက်ဦး၊ အသက်(၁၅-၂၀)နှစ် လေးဦး၊ အသက်(၂၀)အထက် ခြောက်ဦး၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ငါးဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် နှစ်ဦး၊ အထက်တန်းအဆင့် နှစ်ဦး၊ တေးသီချင်းပြိုင်ပွဲတွင် ခြောက်ဦး၊ ဝတ္ထုတိုပြိုင်ပွဲတွင် ငါးဦး၊ ဆောင်းပါးပြိုင်ပွဲတွင် ငါးဦး၊ ကဗျာပြိုင်ပွဲတွင် နှစ်ဦး၊ ဓာတ်ပုံပြိုင်ပွဲတွင် ခုနစ်ဦး၊ စုစုပေါင်း ၁၀၅ ဦး တို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဇွန် ၁၇ရက်က စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား သင်္ဃသုခမ္မာရုံ၌ ကျင်းပသော သထုံအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် အသင်းဥက္ကဋ္ဌ ဦးစောလွင် သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ပနားမားနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူညီပြီးဖြစ်

**နေပြည်တော် ဇွန် ၂၇**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အက်ဒွာဒိုအေ၊ ရီယာလ်အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာအက်ဒွာဒိုအေ၊ ရီယာလ်သည် စင်ကာပူမြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

**MYANMAR WOMEN’S DAY**

**3rd July 2007**

# မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုစာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

**၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော “အမျိုးသမီးရေးရာ စာတမ်းများဖတ်ပွဲ”ကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန(IBC) ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**



**အရှေ့တောင်အာရှ အသင်းကြီး၏ အမျိုးသမီးရေးရာကော်မတီမှ ဆောင်ရွက်နေမှုများအပေါ် လေ့လာသုံးသပ်ချက်စာတမ်းကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်နန္ဒာမွန်း ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)

## အဖွင့်အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင် အတတ်ပညာရှင်အဖွဲ့ဝင် အမျိုးသား စာပေဆုရှင် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်းက ဆောင်ရွက်သည်။

စာတမ်းဖတ်ပွဲတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဌာနမှူး ပါမောက္ခဒေါ်ခင်ဆွေမြင့်က **“မြန်မာအမျိုးသမီးများနှင့် မြန်မာယဉ်ကျေးမှု”** စာတမ်းကိုလည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် သမိုင်းဌာန၊ ဌာနမှူး ပါမောက္ခဒေါက်တာ မိုမိုသန့်က **“မြန်မာအမျိုးသမီးများ၏ လူမှုရေးကဏ္ဍ ပါဝင်ဆောင်ရွက်မှု”** စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးပညာဌာန၊ ဌာနမှူး ကထိက ဒေါက်တာ ချောချောစိန်က **“၂၁ ရာစု မြန်မာအမျိုးသမီးများ”** စာတမ်းကို လည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာ ဒေါ်ခင်အုန်းသန့်က ဆောင်ရွက်သည်။

## ဖတ်ကြားတင်ပြ

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာခင်စန်းရီက **“စီမံခန့်ခွဲမှုနှင့် မြန်မာအမျိုးသမီးများကဏ္ဍ”**စာတမ်းကို လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းက **“အရှေ့တောင်အာရှ အသင်းကြီး၏ အမျိုးသမီးရေးရာကော်မတီမှ ဆောင်ရွက်နေမှုများအပေါ် လေ့လာသုံးသပ်ချက်”** စာတမ်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန အာဟာရဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြင့်မြင့်ဇင်က **“အမျိုးသမီးများနှင့် မိသားစုအာဟာရ”** စာတမ်းကို လည်းကောင်း၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာခင်က **“ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍ”** စာတမ်းကို လည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**မြန်မာအမျိုးသမီးများ၏ လူမှုရေးကဏ္ဍ ပါဝင်ဆောင်ရွက်မှု စာတမ်းကို ရန်ကုန်အဝေးသင် တက္ကသိုလ် သမိုင်းဌာန၊ ဌာနမှူး ပါမောက္ခ ဒေါက်တာမိုမိုသန့် ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)



**အမျိုးသမီးရေးရာ စာတမ်းများဖတ်ပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်အဖွဲ့ဝင် အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ပန်းတိုင်သစ်

❖ မူးယစ်နွံမှာ
သက်ကျွံပါက ရုန်းမရဘဲ
ဘဝလည်းဆုံး၊ အသက်ဆုံးမည်
တိုင်းပြည်လူမျိုး၊ အကျိုးမပွား
လူသားများတွက်၊ ပေးဆက်ရန်စွယ်
အန္တရာယ်ကို၊ ကာကွယ်တိုက်ဖျက်
အောင်ပွဲဆက်-အံ့။

❖ တိုင်းမြတ်ဌာနီ၊ မြန်ပြည်အနာဂတ်
မြင့်မြတ်အလင်း၊ ဖြန့်ကျင်းဝေစည်
လွှမ်းခြုံပြီတည့် .... ဒို့ပြည် ဒို့မြေ
ဒို့ပိုင်ရေမှာ၊ သေချာလုံးဝ
“ဘိန်း” ကင်းရမည် ယုံကြည်သည်။

❖ မူးယစ်ကင်းစင်၊ အလှယှဉ်သည်
ကြည်လင်သန့်ရှင်း၊ ဂုဏ်သတင်းနှင့်
ရိုင်ပင်းညီညွတ်၊ အောင်ပွဲဆွတ်လိမ့်။

❖ ညီနောင်တစ်စု
တည်ထောင်ပြုတဲ့
ပြည်ထောင်စုမှာ၊ ရောင်ခြည်ဖြာပြီ
မင်္ဂလာပန်း၊ ပွင့်ဝေလန်းပြီ
“ပန်းတိုင်သစ်”သို့ ချီတက်စို့။ ။ ခြိမ့်နိုင်

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မြကန် စိမ်းလန်းသာယာစိုပြည်ရေးစီမံကိန်း၊ ငါ့သရောက် ရေလှောင်တမံစီမံကိန်းနှင့် ဆည်ရေသောက်ရေဖြင့် နွေစပါးနှင့်ယာသီးနှံများ အောင်မြင်ဖြစ်ထွန်းမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၆

**မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၂ရက် မွန်းလွဲပိုင်းက ညောင်ဦးမြို့နယ် ညောင်တိုကျေးရွာအနီးရှိ မြကန်စိမ်းလန်းသာယာစိုပြည်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။**

## အသေးစိတ်ရှင်းလင်း

ရှေးဦးစွာ တိုင်းမှူးအား စီမံကိန်း ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရေကန်အတွင်းသို့ ရေဝင်ရောက်မှုအခြေအနေ၊ လက်ရှိရေများထိန်းသိမ်းထားနိုင်မှု၊ ရေပေးဝေနိုင်မှု၊ လေလွင့်မှုနည်းပါးအောင် ဆောင်ရွက်မှုစသည်တို့ကို မြေပုံဇယား၊ ကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

တိုင်းမှူးက ရေများ အလဟဿ လေလွင့်မှု မရှိစေရေး၊ စိမ့်ပေါက်များ မရှိစေရေး၊ သဘာဝရေဝင်ချောင်းများမှ ရေများရရှိရေး၊ မြေသားများထိန်းသိမ်းရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်အတွက် ညောင်ကဲ့သို့သော အဖြစ်မြန်သည့်သစ်ပင်များ စိုက်ပျိုးသွားရေးစသည်ဖြင့် မှာကြားကာ ကန်အတွင်းရေရရှိမှုအား ကန်ပေါင်ပေါ်မှ လိုက်လံကြည့်ရှုစစ်ဆေးသည်။

## မြကန်

မြကန်သည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့်မှာ ၃၂ပေဖြစ်ကာ တမံအလျားပေ၃၆၀၀ဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၀၅၀ဖြစ်ပြီး စိုက်ပျိုးရေပေးနိုင်မည့် ဧရိယာမှာ ဧက၂၀၀ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ငါ့သရောက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)မှ ညွှန်ကြားရေးမှူးဦးမျိုးထွန်းက ရေလှောင်တမံနှင့်ပတ်သက်ပြီး ကန်ရေပြည့်ရေလှောင်နိုင်သည့် ပမာဏ၊ လက်ရှိကန်အတွင်းသို့ စီးဝင်နေသည့် ရေပမာဏတို့ကို အသေးစိတ် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

## မြေပဲခင်း

ထို့နောက် တိုင်းမှူးသည် ကန်အတွင်းရေဝင်ရောက်မှုအခြေအနေကို ကန်ပေါင်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညောင်ဦး-မြင်းခြံကားလမ်းတစ်လျှောက်ဆည်ရေသောက်ရေဖြင့် အောင်မြင် ဖြစ်ထွန်းနေသည့် မြေပဲခင်းနှင့် နွေစပါးများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပြန်လည် ထွက်ခွာသွားသည်။

## ရေပေးဝေနိုင်

ငါ့သရောက် ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားမှာ ပေ၇၅၅၀၊ တမံအမြင့် ၆၄ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ၇၀၀၀ဖြစ်ပြီး သီးနှံဧရိယာဧက ၃၀၀၀အား ရေပေးဝေနိုင်ကြောင်း သိရသည်။

ညောင်ဦးခရိုင်အတွင်း ၂၀၀၆-၂၀၀၇ခုနှစ်တွင် နွေစပါး ၂၁၃၆ဧက၊ နွေနှမ်း ၂၄၃ဧကနှင့် အခြားသီးနှံမျိုးစုံ စုစုပေါင်း ၃၀၀၀၃၉ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ၂၀၀၇-၂၀၀၈ မိုးစပါးအား ကျေးရွာအုပ်စု ၁၃ စုတွင် စုစုပေါင်းဧက ၉၃၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့်ပဲတီစိမ်း၊ ပဲနောက်နှင့် အခြားမိုးသီးနှံများအပါအဝင် စုစုပေါင်း ၂၆၈၆၉၈ ဧက စိုက်ပျိုးရန် လျာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖြူးဆရာတော် အထူးတရားပွဲ

**ရန်ကုန် ဇွန် ၂၆**

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာနှင့် ရန်ကုန်တိုင်း လှိုင်မြို့နယ် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာတို့၏ ဦးစီးပဓာနနာယက ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနာ့ဓဇ ဓမ္မာစရိယ ပြည်တွင်းပြည်ပ မဟာစည်နာယက ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်သူမြတ်သည် ၁၃၆၉ခု ပထမဝါဆိုလပြည့်ကျော် ၇ ရက်၊ ၈ ရက် (ဇူလိုင် ၆ရက်နှင့် ၇ ရက်)တို့တွင် ကျောင်းအမကြီးဒေါ်ကျင်ဟုန် သုံးနှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာ ဓမ္မဗိမာန်တော်၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဟု သိရသည်။

(က-ပ)





# အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇွန် ၂၆

**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအောက်ရှိ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်း၊ သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့၊ ဖျော်ဖြေရေးလုပ်ငန်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။** (အောက်ဝဲပုံ)

## ကြပ်မတ်ဆောင်ရွက်

အစည်းအဝေးတွင် ရှေးဦးစွာ အမျိုးသားညီလာခံဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းက အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကြီးကို နောက်ဆုံးအကြိမ် အဖြစ် ဇူလိုင် ၁၈ ရက်တွင် မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပတော့မည်ဖြစ်ကြောင်း၊ မိမိတို့ဆပ်ကော်မတီအပိုင်းမှ ယခင်ကကျင်းပခဲ့သည့် ညီလာခံကာလတစ်လျှောက်လုံးတွင် အောင်အောင်မြင်မြင်ဖြင့် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု နောက်ဆုံးအကြိမ် ကျင်းပတော့မည့် အမျိုးသားညီလာခံတွင်လည်း ဆောင်ရွက်မှုအဝဝကို ယခင်ကထက် လျော့နည်းမှုမရှိစေဘဲ အဘက်ဘက်က ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်များမရှိကြစေရန်အထူးကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီသည် ညီလာခံကိုယ်စားလှယ်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသောလုပ်ငန်းများဖြစ်၍ ကိုယ်စားလှယ်တော်များ သက်သောင့်သက်သာဖြင့် နေထိုင်နိုင်ရန်၊ အပန်းဖြေအနားယူနိုင်ရန်၊ အဆင်ပြေချောမွေ့စေရန် နေ့စဉ် ကြပ်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဆပ်ကော်မတီအောက်ရှိအရောင်းဆိုင်များ၊ ဝန်ဆောင်မှုဆိုင်ရာဖျော်ဖြေရေးအဖွဲ့များတွင်လည်း နောက်ဆုံးအကြိမ်ကျင်းပသည့် ညီလာခံဖြစ်သည်နှင့်အညီ လုံခြုံရေး အထူးဂရုစိုက် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

## ဝိုင်းဝန်းကြိုးပမ်း

မိမိတို့ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီသည် အရေးမကြီးသော်လည်း အရေးပါသော လုပ်ငန်းများဆောင်ရွက်နေရသည်ဖြစ်ရာ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက် ချောမွေ့စွာကျင်းပနိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊သမိုင်းတစ်ခေတ်တွင် မိမိတို့ကျရာတာဝန်များကို တစ်ထောင့်တစ်နေရာမှ ထမ်းဆောင်ရ၍ မိမိတို့အနေနှင့် ဂုဏ်ယူရမည်ဖြစ်ကြောင်းနှင့် အစစအရာရာ အဆင်ပြေချောမွေ့စေရန် ဆပ်ကော်မတီဝင်များ အနေနှင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက နောက်ဆုံးအကြိမ် ကျင်းပမည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရန် မိမိတို့ ဌာနအလိုက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

## အသေးစိတ်မှာကြား

ထို့နောက် တင်ပြချက်များအပေါ် ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဇူလိုင် ၁၄ ရက်တွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ ညောင်နှစ်ပင်စခန်းသို့စတင်ရောက်ရှိလာတော့မည်ဖြစ်ရာ လုံခြုံရေးကိုဦးစားပေးပြီး အစစအရာရာ အဆင်ပြေစေရန်ဆောင်ရွက်သွားကြရေး အသေးစိတ်မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



# ဆင်ဆာမဲ့၊ R.C မဲ့အခွေများ တရားမဝင်ကူးယူ၊ ငှားရမ်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များ၊ ဆင်ဆာမဲ့၊ R.C မဲ့နှင့် ညစ်ညမ်းအခွေများတရားမဝင်ကူးယူငှားရမ်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရန်တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၂ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဗီဒီယိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်၊ မြို့နယ်တရားသူကြီးဦးစောလွင်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးကြည်ဟန်တို့က ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ပြစ်ဒဏ်ချမှတ်မည့် အစီအစဉ်များကို ပြောကြားကြသည်။

အစည်းအဝေးသို့ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အမှုဆောင်များ၊ ဗီဒီယိုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

(က-ပ)

# မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ Biotechnology Speciality Group ၏ Biotechnology Forum(2) ဟောပြောပွဲကို ဇွန် ၃၀ရက် နံနက်၉နာရီခွဲမှ မွန်းတည့်၁၂နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲတွင် ဒေါက်တာဦးသိန်းသန်းက Overview of Biotechnology Role in Every Day Life ကိုလည်းကောင်း၊ ပါမောက္ခဒေါ်ကြည်ကြည်သင်းက Highlights of Nanotechnology and Nanomedicine ကို လည်းကောင်း၊ ပါမောက္ခဦးမျိုးဝင်းက Genetics of Human Longevity: New Ideas and Findings ကိုလည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်သည်။

## မှတ်ပုံတင်နိုင်

စိတ်ပါဝင်စားသူ medical, non-medical မည်သူမဆို ဆေးတက္ကသိုလ်(၁) လမ်းမတော် အဏုဇီဝဗေဒဌာန(သို့)ဆေးတက္ကသိုလ်(၁)ပြည်လမ်း ဇီဝဓာတုဗေဒဌာနတို့တွင် ဇွန် ၂၅ ရက် မှ ၂၉ ရက်အထိ နံနက် ၁၀နာရီခွဲမှ ညနေ ၄နာရီအတွင်း မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားများ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်ပြီး အစားထိုးသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက် နယ်စပ်ဒေသအားလုံး ယခင်နှင့်မတူ စီးပွားရေး၊ လူမှုရေး၊ ပညာရေး တစ်ရှိန်ထိုး တိုးတက်လာ မူးယစ်ဆေးဝါးပပျောက်ရေး တိုင်းရင်းသားပြည်သူများ အသိစိတ်ဓာတ်ရှိရှိ တက်ကြွစွာပါဝင်

# ရှမ်းပြည်နယ်(မြောက်ပိုင်း)သာမက မြန်မာ့မြေပေါ်က မူးယစ်ဆေးဝါးပြဿနာ အပြီးတိုင်ပပျောက်သွားမည်

ရန်ကုန် ဇွန် ၂၆

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင် တက်ရောက်၍ အမှာစကားပြောကြားပြီး**(အောက်ပုံ) **ဆုရသူများအား ဆုများကိုချီးမြှင့်သည်။**






### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့မှရဲအရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် နှစ်စဉ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖြစ်ပြီး ကမ္ဘာ့နိုင်ငံ အသီးသီး၌လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ယခုကဲ့သို့ ကျင်းပနေကြမည်ပင်ဖြစ်ကြောင်း။



**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

### အောင်မြင်မှုများရရှိ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် ပြည်တွင်းသောင်းကျန်းမှုများနှင့် မူးယစ်ဆေးဝါးပြဿနာကို စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ စေ့စပ်ညှိနှိုင်းရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့သော်လည်း ပိုမိုထိရောက် အောင်မြင်မှုများ ရှိစေရေးအတွက် ၁၉၈၈ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူသည့်အချိန်တွင် တိုင်းရင်းသား ပြန်လည် စည်းလုံးညီညွတ်ရေး၊ မူဝါဒများ ချမှတ်ပြီး မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သော စေတနာနှင့် မှန်ကန်သော လုပ်ရပ်များကြောင့် လက်နက်ကိုင် ဆန့်ကျင်ခဲ့ကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနှင့် အတူ ပူးပေါင်းဆောင်ရွက်လာမှုများကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးလုပ်ငန်းသည် ထူးခြားသည့် အောင်မြင်မှုများရရှိလာခဲ့ကြောင်း။

မြန်မာနိုင်ငံတွင် အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ်သော နယ်စွန်နယ်ဖျား ဝေးလံခေါင်းပါးသောဒေသများကို လက်လှမ်းမီလာခဲ့ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ယခင်က တားဆီးနှိမ်နင်းရေး တစ်မျိုးတည်းဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယင်းဒေသများ ဖွံ့ဖြိုးတိုးတက်မှုရှိလာလျှင် မူးယစ်ဆေးဝါး တဖြည်းဖြည်း ပပျောက်သွားနိုင်ကြောင်း သုံးသပ်ရရှိခဲ့သဖြင့် ပြောင်းလဲလာသော အခြေအနေပေါ် မူတည်ပြီး နိုင်ငံတော် အကြီးအကဲက မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် နည်းနိဿယများ ချမှတ်ခဲ့ကြောင်း။

### မဟာဗျူဟာနှစ်ရပ်မှာ

မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝ ချုပ်ငြိမ်းပပျောက်ရေး တို့ဖြစ်ကြောင်း။

မဟာဗျူဟာနှစ်ရပ်ကို ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးဟူသည့် နည်းဗျူဟာ သုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

### အကောင်အထည်ဖော်

ထို့အပြင် နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးပပျောက်ရေးကို ဘက်ပေါင်းစုံက အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလ သတ်မှတ်ပြီး ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းအရ ဦးစားပေးလုပ်ငန်းများအဖြစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံး ဆောင်ရွက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတို့ သတ်မှတ် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ဦးစားပေးလုပ်ငန်းစဉ်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတား ဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေး၊ ပညာပေးရေးလုပ်ငန်းများနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ သတ်မှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့အပြင် မူးယစ်ဗဟို၏ ဘိန်းစိုက်ပျိုးမှုတားဆီးရေး ရှေ့ပြေးစီမံချက်ဖြစ်သည့် ပန်းတိုင်သစ်စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။



**ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါး အလွဲ သုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာ စကား ပြောကြားစဉ်။** (သတင်းစဉ်)

### မျိုးကောင်းမျိုးသန့်ဖြန့်ဖြူး

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းစစ်ဌာနချုပ်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ အစီအမံအားဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အကူအညီရယူပြီး ဘိန်းအစားထိုးသီးနှံမျိုးစေ့များကို တောင်သူများလက်ဝယ်ဖြန့်ဖြူးခြင်း၊ ဆန်၊ ဆားများ၊ ထောက်ပံ့ပေးခြင်း၊ ကုန်းမြင့်မြေယာများဖော်ထုတ်စိုက်ပျိုးခြင်းများအပါအဝင် တောင်သူများ၏ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွက်တိုးဆင်းရွှေလီစပါးဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း။ မွေးမြူရေးကဏ္ဍ၌လည်း အသားတိုးဝက်၊ ဥစားကြက်၊ ပျားမွေးမြူရေးကို စီးပွားဖြစ်အဆင့်ထိ စံပြဗဟိုမွေးမြူရေးခြံကြီးများအဖြစ် မွေးမြူလုပ်ကိုင်ပြသဆောင်ရွက်လျက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ကျေးလက်နေ ပြည်သူများထံ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

### အောင်မြင်မှု

ကိုလိုနီနယ်ချဲ့တို့၏ အစီအမံပယောဂများကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်ရှိသည့် တောင်သူများအနေဖြင့် ဘိန်းစိုက်ပျိုးသည့်လုပ်ငန်းကို ရှေးယခင်နှစ်ပေါင်းများစွာကတည်းက အသက်မွေးဝမ်းကျောင်းတစ်ရပ်အနေဖြင့်လုပ်ကိုင်လာခဲ့ကြကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အလေးထား တိုက်ဖျက်နေသည့်အပြင် ဘိန်းစိုက်တောင်သူများကိုယ်တိုင်ကလည်း ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ဘုံရန်သူဖြစ်သည့် မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်ကိုကောင်းစွာသဘောပေါက်နားလည်လာကြပြီး ဘိန်းစိုက်ပျိုးမှုဓလေ့ကိုစွန့်လွှတ်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွင် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လာကြသည့်အတွက် အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း။

### တစ်ဟုန်ထိုးတိုးတက်

နယ်စပ်ဒေသ တိုင်းရင်းသားများအနေဖြင့် ဘိန်းစိုက်ပျိုးမှု ဓလေ့ကို စွန့်လွှတ်ပြီး အစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည့်အပြင် မိမိတို့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌လည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး တစ်တပ်တစ်အား ပူးပေါင်းပါဝင် လုပ်ဆောင်လာကြသည့်အတွက် နယ်စပ်ဒေသအားလုံးတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသော အခြေခံအဆောက်အအုံများသည် ယခင်အတိတ်ကာလနှင့် မတူတော့ဘဲ သိသိသာသာ တစ်ဟုန်ထိုး တိုးတက်လာသည့် အခြေအနေကို ရောက်ရှိလာပြီဖြစ်ကြောင်း။

### အပြီးအပိုင်ပျောက်ကွယ်

မူးယစ်ဆေးဝါး ပပျောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် အသိစိတ်ဓာတ်ရှိရှိ ယုံကြည်ချက်၊ ခံယူချက်ပြင်းပြစွာ ပူးပေါင်းပါဝင်ကြသကဲ့သို့ မူးယစ်ဆေးဝါးများ စုံစမ်းရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်း၊ ဖျက်ဆီးခြင်းစသည့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများ၌လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာကြသည့်အတွက် မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်းသာမက မြန်မာ့မြေပေါ်ကပါ ဤမူးယစ်ဆေးဝါး ပြဿနာသည် မကြာမီ အပြီးအပိုင် ပျောက်ကွယ်သွားမည် ဖြစ်ကြောင်း။

ထို့ကြောင့် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကို လူ့အဖွဲ့အစည်းအားလုံးနှင့် လူသားတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားသည်။

**ဖတ်ကြား**

ဆက်လက်၍ UNODC အမှုဆောင် ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးဌာနေကိုယ်စားလှယ် Mr.Shariz Raza ကိုယ်စား International Programme Coordinator, Dr. Ronal Renard က ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညီဖြူက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်အခြေပြု Asia Harm Reduction Network (Myanmar) Country Coordinator, Mr. Willy De Maere ကိုယ်စား Medical Coordinator Asia Harm Reduction Network (Ahrn) ဒေါက်တာစိုင်းအိုက်ကျော်က ငွေကျပ်နှစ်သိန်း၊ Country Director Latter-day Saint Charities (LDSC) Mr. Carl Hatch က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ စာရေးကိရိယာများနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး ဌာနေကိုယ်စားလှယ် Mr. Shariz Raza ၏ ကိုယ်စား International Programme Coordinator, Dr. Ronal Renard က ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

**ဆုများချီးမြှင့်**

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကို ချီးမြှင့်ပေးအပ်ရာ မူးယစ်ဗဟိုအဆင့် အထူးဆု ကွန်ပျူတာပန်းချီပြိုင်ပွဲဆုရ လားရှိုးမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မခွန်းသံသာထွင်၊ ပြည်နယ်အဆင့် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရ လားရှိုး နည်းပညာတက္ကသိုလ် B.Tech ဒုတိယနှစ်မှ နန်းလှိုင်းခေါင်၊ ဒုတိယဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် ဒုတိယနှစ် (CT)မှ စိုင်းအောင်သူ၊ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြ ဒေါ်ယမင်းထွေး၊ ဆောင်းပါးပြိုင်ပွဲ ပထမဆုရ လားရှိုးတက္ကသိုလ် ပထမနှစ် (ဂုဏ်ထူးတန်း)မှ မစိန်ဇာဇာဦး၊ ဒုတိယဆုရ လားရှိုး နည်းပညာတက္ကသိုလ် B.Tech ဒုတိယနှစ်မှ မခိုင်သက်စု၊ တတိယဆုရ လားရှိုးတက္ကသိုလ် တတိယနှစ်(မြန်မာစာ)မှ မစပယ်ဖြူထွန်းတို့အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဆုများကို ချီးမြှင့်သည်။

**ကဗျာပြိုင်ပွဲ**

ဆက်လက်၍ ကဗျာပြိုင်ပွဲတွင် ပထမဆုရ လားရှိုး နည်းပညာတက္ကသိုလ် တတိယနှစ်မှ မမိုးပွင့်ဖြူဖြူထွန်း၊ ဒုတိယဆုရ တန့်ယန်းမြို့ ဝိန်းကောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဦးခင်မောင်တိုး၊ တတိယဆုရ လားရှိုး တက္ကသိုလ် ဝန်ထမ်းရေးရာဌာနမှ မငြိမ်းသူဟန်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲ (အလွတ်တန်း) ပထမဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် ဂုဏ်ထူးတန်း (CT)မှ မောင်ရဲဝင်းထိုက်၊ ဒုတိယဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ မောင်ဇင်ဝင်းထွေး၊ တတိယဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ စိုင်းနွံအွမ်မိန်းတို့အား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ကွန်ပျူတာပန်းချီပြိုင်ပွဲ**

ယင်းနောက် ကွန်ပျူတာပန်းချီပြိုင်ပွဲ(အလွတ်တန်း)ပထမဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ စိုင်းဘိုဘိုအောင်၊ ဒုတိယဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် Module-1 မှ မောင်ပြည့်စုံရဲဝေ၊ တတိယဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် Module-1 မှ မနွေးအိအိအောင်တို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီကလည်းကောင်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ (အထက်တန်း) ပထမဆုရ လားရှိုးမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မခွန်းသံသာထွင်၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်လွမ်းမိုးသူ၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း အဋ္ဌမတန်းမှ မောင်စည်သူထက်၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ (အလယ်တန်း) အဆင့် ပထမဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း ပဥ္စမတန်းမှ စိုင်းခေးလျန်း၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း သတ္တမတန်းမှ မောင်စောထက်မြတ်မိုး၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း ပဥ္စမတန်းမှ မခင်စုလှိုင်၊ ပန်းချီပြိုင်ပွဲ အသက်(၁၀) နှစ်အောက် ပထမဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စတုတ္ထတန်းမှ စိုင်းဆိုင်မိန်း၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မောင်တီလွမ်းဒေါင်၊ တတိယဆုရ ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း တတိယတန်းမှ မောင်စိုင်းပိုင်စေမင်းထွန်းတို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လည်းကောင်း၊ ပန်းချီပြိုင်ပွဲ အသက်(၁၀–၁၅)နှစ်အောက် အဆင့် ပထမဆုရ သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မောင်ထိန်လင်းအောင်၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မအယ်လ်ဆိုင်းဆန်အောင်၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်း သတ္တမတန်းမှ နန်းမွန်အောင်၊ ပန်းချီပြိုင်ပွဲ အသက်(၁၅–၂၀)နှစ်အောက် အဆင့် ပထမဆုရ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ စိုင်းဇွန်လွင်ထွေး၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ထက်အောင်၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ စောစန္ဒီကျော်တို့အား International Programme Coordinator, Dr. Ronal Renard ကလည်းကောင်း၊ ကာတွန်းပြိုင်ပွဲ အသက် ၁၀ နှစ်အောက် အဆင့်တွင် ပထမဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်း တတိယတန်းမှ မစိန်ဖြူဦး၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း တတိယတန်းမှ စီစီမွန်းဂျန်၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၂၄) အခြေခံပညာ မူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မောင်စောချမ်းမြတ်၊ ကာတွန်းပြိုင်ပွဲ အသက်(၁၀–၁၅) နှစ်အောက် အဆင့်တွင် ပထမဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း ပဥ္စမတန်းမှ မဝင်းဝင်းမော်၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ စောရည်မွန်ဒွေး၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်း ပဥ္စမတန်းမှ စိုင်းရန်အောင်မိုးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်ကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ အသက် ၁၀ နှစ်အောက် အဆင့်တွင် ပထမဆုရ လားရှိုးမြို့ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း တတိယတန်းမှ မောင်ရွှေပြည်စိုးစံ၊ ဒုတိယဆုရ နမ္မတူမြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ ပဥ္စမတန်းမှ နန်းမြဟသ်ာ၊ တတိယဆုရ လားရှိုး အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း ဒုတိယတန်းမှ မစန္ဒီကျော်၊ ပိုစတာပြိုင်ပွဲ အသက်(၁၀–၁၅)နှစ်အောက်အဆင့် ပထမဆုရ လားရှိုးမြို့ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း စတုတ္ထတန်းမှ မောင်ကသော်စိုးစံ၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မစီစီမွန်းဆိုင်၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ နန်းခိုင်ခိုင်အေးတို့အား ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရဲမှူးကြီး ကံလှိုင်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**UNODC အမှုဆောင် ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ရုံးဌာနေ ကိုယ်စားလှယ် Mr. Shariz Raza ကိုယ်စား International Programme Coordinator, Dr. Ronal Renard ဖတ်ကြားစဉ်။**
(သတင်းစဉ်)

● *ကျောဖုံးမှ*

မြန်မာမေဆန်ကုမ္ပဏီလီမိတက် (Good Morning) ပေါင်မုန့်စက်ရုံမှ ကြီးကြပ်ရေးမှူး ဦးခင်မောင်ဦးနှင့်တွေ့ဆုံကာ (၉၆)ကြိမ်မြောက် ILO ညီလာခံ တက်ရောက်ခဲ့စဉ် ကြုံတွေ့ခဲ့ရမှုအနေအထားကို မေးမြန်းရာ ဦးခင်မောင်ဦးက "(၉၆)ကြိမ်မြောက် ILO ညီလာခံတက်ဖို့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ မေ ၂၇ ရက်မှာ မြန်မာနိုင်ငံက စထွက်တယ်၊ မေ ၂၉ ရက်မှာ ILO အစည်းအဝေး စတင်ကျင်းပပါတယ်။ ကျွန်တော့်နာမည်က ဇွန် ၅ ရက်ကတည်းက ပဏာမ အဖွဲ့ဝင်နိုင်ငံများရဲ့ ကိုယ်စားလှယ်များ ယာယီစာရင်းမှာပါရှိပြီးသားပါ။ နောက်ပြီး ဇွန် ၁၃ ရက်မှာ ထုတ်ပြန်တဲ့ အပြီးသတ်ကိုယ်စားလှယ်စာရင်းမှာ မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ်အနေနဲ့ တရားဝင်မှတ်တမ်းဝင်ခဲ့ပြီး ဖြစ်ပါတယ်။ ILO အစည်းအဝေး အစအဆုံး ဘာအခက်အခဲမှမရှိဘဲ တက်ရောက်နိုင်ခဲ့ပါတယ်"ဟု ဖြေကြားသည်။

**(၉၆)ကြိမ်မြောက် ILO ညီလာခံ ဆုံးဖြတ်ချက် များ ကို အီလက်ထရွန်နစ်စနစ်ဖြင့် ဦးခင်မောင်ဦး မဲပေးခဲ့စဉ်။**




**ကိုယ်ပိုင်မဲပေးခွင့်**

ဦးခင်မောင်ဦးသည် ILO အစည်းအဝေးတက်ရောက်ခဲ့စဉ်က ၎င်းအား တရားဝင်ထုတ်ပေးခဲ့သော ကတ်ပြား၊ စာရွက်စာတမ်းများကို ပြသခဲ့သည်။ ထိုသို့ ILO က တရားဝင်အသိအမှတ်ပြုသော အလုပ်သမားကိုယ်စားလှယ်တစ်ဦးဖြစ်သဖြင့် အစည်းအဝေးတွင် သုံးသပ်သောကိစ္စမှန်သမျှကို တစ်ဦးချင်း ကိုယ်ပိုင်မဲပေးနိုင်ခွင့် အခွင့်အရေးလည်း ရရှိခဲ့သည်။

**ဂုဏ်သိက္ခာရှိရှိ**

**ဦးခင်မောင်ဦး၏ Electronic မဲပေးစနစ်ဖြင့် မဲပေးခဲ့သော ဓာတ်ပုံများကလည်း အစည်းအဝေးကို တရားဝင်တက်ရောက်ခဲ့ရကြောင်း သက်သေပြလျက်ရှိသည်။ ထိုသို့မဲပေးခွင့်ရှိပြီး ညီလာခံကိုတက်ရောက်လာခဲ့သော အခြားနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တန်းတူအခွင့်အရေးများရရှိခဲ့မှုကိုလည်း ဦးခင်မောင်ဦးက "ညီလာခံကိုတက်ရောက်လာကြတဲ့ အခြားနိုင်ငံတွေက ကိုယ်စားလှယ်တွေဆီကလည်း ၎င်းတို့အစီအစဉ်ဖြင့် နိုင်ငံအလိုက်ပြုလုပ်တဲ့ အခမ်းအနားများကို တက်ရောက်ဖို့ တလေးတစားဖိတ်ကြားခဲ့တဲ့ ဖိတ်စာတွေ လက်ခံရရှိခဲ့ပါတယ်။ ဒါတွေကလည်း မြန်မာကိုယ်စားလှယ်အဖွဲ့ကို အားလုံးက ဂုဏ်သိက္ခာရှိစွာနဲ့ အသိအမှတ်ပြုခဲ့မှုတွေပါပဲ"ဟု ရှင်းပြသည်။**

**မမှန်မကန်စွပ်စွဲ**

ILO ညီလာခံတက်ရောက်ခဲ့စဉ်က အခြားနိုင်ငံများက ဖိတ်ကြားခဲ့သည့် ဖော်ပြပါဖိတ်စာများကိုလည်း ဦးခင်မောင်ဦးက ပြသခဲ့သည်။ မြန်မာ အလုပ်သမားကိုယ်စားလှယ်သာမက အလုပ်ရှင်ကိုယ်စားလှယ်နှင့် အစိုးရကိုယ်စားလှယ်တို့ပါ မေ ၃၀ ရက်မှ ဇွန် ၁၅ ရက်အထိ မည်သည့်အခက်အခဲမျှ မကြုံတွေ့ရဘဲ ညီလာခံပြီးဆုံးသည်အထိ အောင်မြင်စွာ တစ်ရက်မပျက် တက်ရောက်ခွင့်ရခဲ့ကြပါသည်။ ထို့ကြောင့် ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်၏ မမှန်မကန်စွပ်စွဲချက်များသည် လုံးဝအခြေအမြစ်မရှိကြောင်း တွေ့ရမည်ဖြစ်သည်။

ထို့အပြင် ဦးခင်မောင်ဦးသည် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အစစ်အမှန်မဟုတ်ဟု ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့အုပ်စုက စွပ်စွဲခဲ့သော်လည်း ကိုယ်စားလှယ် အရည်အသွေးစစ်ဆေးရေးကော်မတီက လက်ခံအတည်ပြုပေးခဲ့သည်။ မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုပြီး ညီလာခံတက်ရောက်ခွင့်ရရှိသည့် ကိုယ်စားလှယ်စာရင်း စာအုပ်နှင့်တကွ အထောက်အထားများကိုလည်း ဦးခင်မောင်ဦးက ပြသခဲ့သည်။

**ILO ညီလာခံကို ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့အနေဖြင့် လေ့လာသူအဖြစ်သာ တက်ရောက်ခွင့်ရရှိခဲ့ပြီး ညီလာခံ၌ ဆွေးနွေးခွင့်၊ မဲပေးပိုင်ခွင့်မရှိခဲ့ကြောင်း၊ အစည်းအဝေးကျင်းပစဉ် မည်သည့်သတင်းဌာနမှ သတင်းထောက်မျှ ဝင်ရောက်ခွင့်မရှိခဲ့ကြောင်း၊ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့က အစည်းအဝေးခန်းမ အပြင်ထွက်ပြီး သတင်းထောက်များနှင့် ပြည်ပ သတင်းဌာနအချို့သို့ မဟုတ်မမှန်သတင်းများ လုပ်ကြံပြောကြားခဲ့ခြင်းသာ ဖြစ်ကြောင်း ဦးခင်မောင်ဦးက ရှင်းပြသည်။**

**မှန်ကန်ခြင်းမရှိ**

**ILO စုံစမ်းစစ်ဆေးရေးကော်မတီအနေဖြင့်လည်း ဦးခင်မောင်ဦးအား မြန်မာအလုပ်သမားကိုယ်စားလှယ် မဟုတ်ကြောင်း၊ ပြည်သစ်ညွှန့်ဝေ(ခ) မောင်မောင်တို့အုပ်စုက တင်ပြခဲ့မှုအပေါ် မှန်ကန်ခြင်းမရှိ၊ ယုံကြည်လက်ခံနိုင်စရာအကြောင်းမရှိဟုဆိုကာ ငြင်းပယ်၍ ဦးခင်မောင်ဦးကိုသာ တရားဝင် အသိအမှတ်ပြုလက်ခံပြီး ညီလာခံအစအဆုံး တက်ရောက်ခွင့်ပြုခဲ့ခြင်းကြောင့် အမှန်တကယ်အားဖြင့် ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့သာ လိမ်ညာမုသားပြောသူများအဖြစ် အရှက်ကွဲခဲ့ရကြောင်း သိရှိရသည်။**

**သိက္ခာမဲ့လုပ်ရပ်**

ထိုကိစ္စနှင့်ပတ်သက်၍ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်က (၁၂–၆–၂၀၀၇)ရက်နေ့၌ ဦးခင်မောင်ဦးအား မြန်မာအလုပ်သမားကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်လိုက်ပြီဟု ပြောကြားခဲ့ခြင်းသည် လုံးဝအခြေအမြစ်မရှိသည့် လုပ်ကြံဝါဒဖြန့်သတင်း၊ ပြောင်းပြန်သတင်းဖြစ်ပြီး လိမ်ညာပြောကြားခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိအနေဖြင့် ထိုသတင်းဖြစ်ရပ်များကို မြန်မာနိုင်ငံ ပြန်ရောက်မှ ကြားသိရကြောင်း၊ ပြည်ပသတင်းဌာနအချို့ကလည်း သတင်းဦးသတင်းထူးလျှင်ပြီးရောဆိုပြီး သတင်းမှန်ကန်မှုရှိ၊ မရှိကို မစိစစ်ဘဲ ထုတ်လွှင့်ခဲ့ကြကြောင်း၊ သိက္ခာမဲ့လုပ်ရပ်များသာဖြစ်ကြောင်း ဦးခင်မောင်ဦးက ပြောကြားခဲ့သည်။




**(၉၆)ကြိမ်မြောက် ILO ညီလာခံတွင် အခြားနိုင်ငံများက ၎င်းတို့နိုင်ငံအလိုက် သီးခြားပြုလုပ်သော အခမ်းအနားများသို့ ဦးခင်မောင်ဦးအား ဖိတ်ကြားခဲ့သည့် ဖိတ်စာများ။**

**အဖြစ်အပျက်အမှန်**

ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့၏ သွေးထိုးပေးမှုများကြောင့် အလုပ်သမားအဖွဲ့အစည်းတစ်ခုက မြန်မာအလုပ်သမားကိုယ်စားလှယ်ဖြစ်သူ မြန်မာမေဆန်ကုမ္ပဏီလီမိတက် (Good Morning) ပေါင်မုန့်စက်ရုံမှ ကြီးကြပ်ရေးမှူး ဦးခင်မောင်ဦးအား အလုပ်သမားအစစ်အမှန်မဟုတ်ကြောင်း အကြောင်းပြချက်ဖြင့် ၃၁–၅–၂၀၀၇ ရက်နေ့တွင် ကန့်ကွက်လွှာစိစစ်ရေးကော်မတီသို့ ကန့်ကွက်စာ တင်သွင်းခဲ့ကြောင်း၊ ၎င်းတို့၏ ကန့်ကွက်ချက်သည် အမှန်တရားကို မလွှမ်းမိုးနိုင်ဘဲ ၁၃–၆–၂၀၀၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အပြီးသတ်ကိုယ်စားလှယ်စာရင်း ထွက်ပေါ်လာရာ၌ ဦးခင်မောင်ဦး၏ အမည်စာရင်းပါရှိလာပြီး ၎င်းတို့၏ လုပ်ကြံတင်သွင်းမှု အထမမြောက်ဘဲ အရေးနိမ့်သွားခဲ့ကြောင်း သိရှိရသည်။

**အခက်အခဲမရှိ**

ဦးခင်မောင်ဦးက မိမိအနေဖြင့် ILO ညီလာခံတက်ရောက်ခဲ့သည့် ဖြစ်စဉ်များအပေါ် မည်သည့်လျှို့ဝှက်မှုမျှ မရှိကြောင်း၊ လိမ်ညာမှုနှင့် ဖုံးကွယ်ထားမှုများလည်း မရှိကြောင်း၊ ညီလာခံ၌ အခက်အခဲတစ်စုံတစ်ရာမရှိဘဲ ပြီးဆုံးသည်အထိ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ထိုဖြစ်ရပ်မှာ မြန်မာနိုင်ငံအပေါ် မလိုလားသောလူတစ်စုက ကွယ်ရာတွင် လုပ်ဇာတ်ဖန်တီးပြီး ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းသာဖြစ်ရာ အမှန်တကယ်တွင် ILO အဖွဲ့ကြီးက မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ်အား ညီလာခံ၌ လက်ခံခဲ့မှု၊ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်က ၎င်း၏ကြိုးပမ်းမှုများ အရာမထင်ဖြစ်ကာ လူဘုံအလယ်၌ အရှက်ကွဲခဲ့ရမှုတို့အတွက် မစားရသည့်အမဲ သဲနှင့်ပက်သည့်သဘောဖြင့် ပြည်ပသတင်းဌာနအချို့နှင့် စိတ်တူအကြံတူ လက်ဝါးရိုက်ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ကလိမ်ကျမှုကို ဖော်ထုတ်ရင်း အမှန်တရားကို အထောက်အထား မှတ်တမ်းဓာတ်ပုံများနှင့်တကွ ရေးသားတင်ပြလိုက်ရပါသည်။** ။

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၂၅ ရက်က အထက(၁) သဃ်န်းကျွန်းမြို့နယ် ကျောင်း၏ သပြေဆောင်ခန်းမ၌ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားစဉ်။** (က–ပ)



## NLD သည် ပါတီနိုင်ငံရေးသန့်သန့်ကို ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးအောင်၊ ပြည်ပသြဇာခံဘဝရောက်အောင်လုပ်ဆောင်နေ

## မြောင်မြို့နယ်မှ ပါတီဝင်တစ်ဦး နုတ်ထွက်

**ရန်ကုန် ဇွန် ၂၆**

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးမြင့်ဆွေသည် ဇွန် ၁၆ ရက်တွင် ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့သည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကို ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့် လူမျိုးအကျိုးပျက်စီးအောင်၊ ပြည်ပသြဇာခံဘဝရောက်အောင် လုပ်ဆောင်နေခြင်း၊ ပါတီခေါင်းဆောင်များအချင်းချင်း ဂိုဏ်းဂဏများကွဲပြားနေခြင်းတို့ကြောင့် NLD ပါတီတွင် ဆက်လက်ပါဝင်ရပ်တည်လိုခြင်းမရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## ချီလီတောင်ပိုင်းမှ ရေအိုင်ကြီး ရုတ်တရက်ပျောက်ကွယ်

**လန်ဒန် ဇွန် ၂၆**

ချီလီနိုင်ငံတောင်ပိုင်းရှိ ရေခဲမြစ်မှ ဖြစ်သောရေအိုင်ကြီးတစ်အိုင် ရုတ်တရက် ပျောက်ကွယ်သွားမှုကို သိပ္ပံပညာရှင်များက စူးစမ်းလေ့လာလျက်ရှိသည်။

ချီလီနိုင်ငံတောင်ပိုင်း မက်ဂါလိန်းဒေသသို့ မတ်လအတွင်းက တောခေါင်းများသွားရောက်စဉ် ငါးကေကျယ်သည့် ရေအိုင်ကြီးကို တွေ့မြင်ခဲ့ရသည်ဟု အရာရှိများက ပြောကြားသည်။

သို့သော်မေလအတွင်းကထိုဒေသသို့ ထပ်မံရောက်ရှိ သွားသောအခါ ရေအိုင်ကြီးနေရာတွင် ခန်းခြောက်နေသည့် ချိုင့်ကြီးသာလျှင်တွေ့ရတော့သည်ဆိုသည်။

ဆန်တီယာဂိုမြို့တော် တောင်ဘက်မိုင် ၁၂၅၀ အကွာရှိ ထိုဒေသသို့ ဘူမိဗေဒပညာရှင်များနှင့်ကျွမ်းကျင်သူများကို စေလွှတ်ထားသည်။ ထိုဒေသ၌ မကြာခဏ မြေငလျင်လှုပ်တတ်သည်ဆိုသည်။

မြေပြင်အနေအထားပြောင်းလဲသွားခြင်းကြောင့် ဖြစ်နိုင်သည်ဟု ရေခဲမြစ်ဆိုင်ရာကျွမ်းကျင်သူအင်ဒရက်ရီဗားရားက ချီလီသတင်းစာ လာတာစီရာသို့ ပြောကြားလိုက်သည်။**(အင်တာနက်)**



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ အင်တာနက်ကဖေးတစ်ခု၌ အင်တာနက်အသုံးပြုနေသူများကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ကမ္ဘာ့ရေးပေါင်းအမွေအနှစ်များဆိုင်ရာကော်မတီ (၃၁)ကြိမ်မြောက်အစည်းအဝေး နယူးဇီလန်၌ ကျင်းပ

ခရစ်ချက် ဇွန် ၂၆

**ကမ္ဘာ့ရေးပေါင်းအမွေအနှစ်များဆိုင်ရာ ကော်မတီ၏ (၃၁) ကြိမ်မြောက် အစည်းအဝေးကို နယူးဇီလန်နိုင်ငံ ခရစ်ချက်မြို့၌ ဇွန် ၂၃ ရက်က စတင်ကျင်းပခဲ့သည်။**

အစည်းအဝေးတွင် အာရှ-ပစိဖိတ်ဒေသ၏ သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာများ ကာကွယ်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းဆွေးနွေး ခဲ့ကြသည်။

**ရင်ဆိုင်**

အဆိုပါ အစည်းအဝေး၌ ကမ္ဘာ့ရေးပေါင်း အမွေအနှစ်များသည် ရာသီဥတုပြောင်းလဲမှု၊ ငါးဖမ်းလုပ်ငန်းများအပြင် အခြားပြဿနာများ၏ စိန်ခေါ်မှုများနှင့် ကြုံတွေ့ရင်ဆိုင်နေရကြောင်း နယူးဇီလန် အရာရှိတစ်ဦးဖြစ်သူ အနန်ဆက်ယာနန့်က ပြောကြားသည်။

**ပြောကြား**

ထိုသို့ စိန်ခေါ်မှုများကို ကာကွယ်တားဆီးသွားကြရန် လိုအပ်ကြောင်း၊ တောင်ပစိဖိတ် ကျွန်းနိုင်ငံငယ်များအားလုံးနီးပါး၌ ကမ္ဘာ့ရေးပေါင်း အမွေအနှစ်များရှိကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဟီလန်ကလပ်စ်က ပြောကြားသည်။

**အကူအညီပေး**

ပစိဖိတ်ဒေသ ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံများရှိ ကမ္ဘာ့အမွေအနှစ်များ မပျက်စီးရန် ယူနက်စကိုမှ အကူအညီပေးသွားမည်ဖြစ်ကြောင်း ယူနက်စကို အကြီးအကဲ ကျန်စင်ရှန်က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**ဂျပန်နိုင်ငံ ဂီဆူကျီမြို့ စိုက်ပျိုးရေး ထွက်ကုန်ပြပွဲ၌ ပြသထားသည့် လေးထောင့်ပုံသဏ္ဌာန် ဖရဲသီးများကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ပါကစ္စတန်တွင်ရေလွှမ်း၊ ၂၂၀ ကျော်သေဆုံး

**ကရာချိ ဇွန် ၂၆**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးလျက်ရှိရာ လူ ၂၀၀ ကျော် သေဆုံးခဲ့ပြီး လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်ခဲ့ကြောင်း ပြည်နယ်အကြီးအကဲက ဇွန် ၂၄ ရက်၌ ပြောကြားသည်။

မိုးသည်းထန်မှုကြောင့် ဓာတ်လိုက်ခြင်း၊ သစ်ပင်များလဲကျခြင်း၊ အိမ်များပြိုကျခြင်းနှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ရပြီး ယနေ့အထိ ၂၂၈ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီး ဆာဒါအာမက်ဒ်က ရိုက်တာသို့ ပြောကြားသည်။

**ခန့်မှန်း**

ပါကစ္စတန်နိုင်ငံနှင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံတို့တွင် ရာသီဥတုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ရေလွှမ်းမှုကြောင့် ရွှေ့ပြောင်းခဲ့ရသူ လူ ၂၀၀၀၀၀ကို ကယ်ဆယ်ရေးလုပ်သားများနှင့် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**အမ်အင်န်အေ၊ရိုက်တာ**

## ဘင်္ဂလားဒေ့ရှ်၌ ယာဉ်မတော်တဆမှုဖြစ်ပွား ငါးဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ

ဒါကာ ဇွန် ၂၆

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချတ်တာဂွန်ဒေသ၌ ဇွန် ၂၃ ရက်က ယာဉ်မတော်တဆမှု နှစ်ခုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ယူအင်န်ဘီသတင်းဌာနက သတင်းထုတ်ပြန်သည်။**

**ဒါကာနှင့် ချတ်တာဂွန် အဝေးပြေးလမ်းပေါ်တွင် နံနက် ၆ နာရီခန့်က အာလူးများ တင်ဆောင်လာသော ထရပ်ကားတစ်စီး အရှိန်လွန်ကာ တိမ်းမှောက်သွားသဖြင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။**

**ထို့ပြင် ဇွန် ၂၃ ရက် နံနက် ၈ နာရီ ခွဲခန့်က ကွန်တိန်နာကားတစ်စီးမှ ဘီးသုံးလုံးကျွတ်ထွက်သွားကာ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သဖြင့် သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။**

အမ်အင်န်အေ၊ ဆင်ဟွာ

## အာဖဂန်၌ ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံး

**လန်ဒန် ဇွန် ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ ဇွန် ၂၄ရက်က သံချပ်ကာယာဉ်အနီး ပေါက်ကွဲမှုဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဟက်မန့်ပြည်နယ်တောင်ပိုင်း လက်ရှ်ကာမြို့အနီး လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တာလီဘန်ပြောက်ကျားများ မူးယစ်ဆေးဝါး ကုန်သွယ်မှုပြုလုပ်သည့် နယ်မြေဒေသတွင် အဆိုပါပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ တာလီဘန်တိုက်ခိုက်ရေးသမားများ၏ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းနှင့် လမ်းဘေးဗုံးပေါက်ကွဲမှုများ အများဆုံးဖြစ်ပွားလျက်ရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

## ဆင်ရိုင်းအုပ်ကြောင့် ကလေးနှစ်ဦးသေဆုံး

ဒါကာ ဇွန် ၂၆

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏ မြောက်ဘက်ကီလိုမီတာ ၁၀၀အကွာ တန်းဂေးလ်ခရိုင်မြို့ရှိ ပါနီဟာတာ ကျေးရွာ၌ ဇွန် ၂၃ ရက်ညက ဆင်ရိုင်းအုပ်တစ်အုပ် လမ်းမှားရောက်ရှိလာကာ အသက် ငါးနှစ်နှင့်ခုနစ် နှစ်ရှိ ညီအစ်ကိုနှစ်ဦးအား နင်းသတ်ခဲ့ကြောင်း၊ ဝါးအိမ် ၁၀ လုံးကို ဖျက်ဆီးခဲ့ကြောင်း၊ သစ်ပင်များကို အမြစ်မှဖြိုလှဲခဲ့ကြသောကြောင့် သီးနှံများပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအကြီးအကဲများက ဇွန်၂၄ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။**

**ယင်းနိုင်ငံတွင် လူဦးရေတိုးပွားလာရာ သစ်တောများ၌ လူများဝင်ရောက်နေထိုင်ရသဖြင့် ဆင်ရိုင်းများ အန္တရာယ်ကြောင့် နှစ်စဉ်အနည်းဆုံး ၁၅ဦးသေဆုံးခဲ့ရကြောင်း သစ်တောဌာန အကြီးအကဲများက ပြောကြားခဲ့သည်။**

**ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့လူဦးရေ အထူထပ်ဆုံး နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ပြီး နိုင်ငံ၏ ၁၇ဒသမ ၅ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းထားသည်။ ယင်းနိုင်ငံတွင် ဆင်ရိုင်း အကောင် ၃၀၀အပါအဝင် ဆင်ကောင်ရေ ၄၀၀ နီးပါးရှိကြောင်း သိရသည်။** အမ်အင်န်အေ၊ရိုက်တာ




## မိုးသည်းထန်စွာရွာသွန်း

**ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းမုန်တိုင်း တိုက်ခတ်သဖြင့် လမ်းမပေါ်၌ ပျက်စီးနေသည့်ကားများကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၅၆၁ ဦးရှိပြီ

**ဘဂ္ဂဒက် ဇွန် ၂၆**

အီရတ်နိုင်ငံ၌ ဇွန် ၂၃ ရက်က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားသည့်အတွက် ထိုနေ့က သေဆုံးသွားသည့် တပ်ဖွဲ့ဝင်ဦးရေမှာ ၁၁ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ဇွန် ၂၄ ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ဘက်ဒေသအတွင်း စစ်ဆင်ရေးများပြုလုပ်စဉ် နိုင်ငံစုံတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခြင်းဖြစ်ကြောင်း စစ်ဘက်က ကြေညာသည်။

ထိုနေ့ စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ လက်နက်ငယ်များဖြင့်ပစ်ခတ်ခံရပြီး သေဆုံးသူတစ်ဦးအပါအဝင် အီရတ်နိုင်ငံတစ်ဝန်း၌ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း စစ်ဘက်က ကြေညာသည်။

လမ်းဘေးဗုံးခွဲ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးမှုအပါအဝင် ဇွန် ၂၃ ရက်တွင် အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်၏ စောစောပိုင်း ကြေညာချက်များ၌ ဖော်ပြပါရှိသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်ကို ကျူးကျော်ပြီးကတည်းက အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၅၆၁ ဦးရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြထားသည်။**အမ်အင်န်အေ၊ဆင်ဟွာ**




ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ၂၀၀၇ ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)

# ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြား

## နေပြည်တော် ဗဟိုစာတိုက်ကြီး တည်ဆောက်မှုလုပ်ငန်းခွင်စစ်ဆေး

နေပြည်တော် ဇွန် ၂၆

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သိန်းဇော်သည် ဇွန် ၂၅ ရက်က နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး နယ်မြေအတွင်းကျင်းပသော ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ၂၀၀၇ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ သို့ တက်ရောက်ပြီး သစ်ပင်များစိုက်ပျိုးပေးသည်။**

ယင်းအခမ်းအနားတွင် ဝန်ကြီးဌာန အကြီးအကဲများနှင့် ဝန်ထမ်းများက နှစ်ရှည် အရိပ်ရသစ်ပင်များ စိုက်ပျိုးကြသည်။

### ပညာသင်ထောက်ပံ့ကြေး

ဆက်လက်၍ ဝန်ကြီးသည် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်သော အခမ်းအနားသို့ တက်ရောက်ပြီး ဝန်ကြီးဌာနရှိ ဝန်ထမ်းမိသားစု များ၏ သားသမီး၊ ကျောင်းသား ကျောင်းသူ အထက်တန်းအဆင့် ၁၇၄၆ ဦး၊ အလယ်တန်းအဆင့် ၂၇၁၆ ဦး၊ မူလတန်းအဆင့် ၃၇၁၇ ဦး စုစုပေါင်း ၈၁၇၉ ဦး အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည်။

### အမှာစကားပြောကြား

ဆက်လက်၍ ဝန်ကြီးသည် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း မန်နေဂျာများက သက်ဆိုင်ရာပြည်နယ်၊ တိုင်းအလိုက် ဆက်သွယ်ရေးလုပ်ငန်း၊ စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်း ဆိုင်ရာများ ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြ၍ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာ ဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရန်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်သူများက ဆွေးနွေးတင်ပြကြသည်။

ဝန်ကြီးက လုပ်ငန်းများအလိုက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအလိုက် ရည်မှန်းချက်တာဝန်များ သတ်မှတ်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော် ဗဟိုစာတိုက်ကြီးတည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှု စစ်ဆေးရာ တည်ဆောက်ရေးတာဝန်ခံများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နေပြည်တော် ဗဟိုစာတိုက်ကြီး အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားအလိုက် ပစ္စည်းများတပ်ဆင်ပြီးစီးမှု၊ ဝန်ထမ်းများ နေရာချထားမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နေပြည်တော်ဗဟိုစာတိုက်ကြီးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခမ်းအနားမှူး သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော အခမ်းအနားမှူး သင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေ တက်ရောက် အမှာစကား ပြောကြားသည်။

### ဂုဏ်ပြုလက်ဆောင်

ရှေးဦးစွာ တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများကိုလည်းကောင်း၊ **(အောက်ပုံ)**သင်တန်းနည်းပြ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါ်သန်းသန်းဝင်းအား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း ချီးမြှင့်သည်။

### သင်တန်းဆင်းလက်မှတ်

ယင်းနောက် တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နွယ်နီအုန်းတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူ ကိုယ်စားလှယ်များက လက်ခံကြသည်။

### ကျေးဇူးတင်စကား

ထို့နောက် သင်တန်းသူ ဒေါ်ကြည်ကြည်မာက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# e- Government လုပ်ငန်း ပိုမိုဆောင်ရွက်နိုင်စေရန် တွန်းအားပေး စီမံခန့်ခွဲမှုနှင့် လုပ်ဆောင်မှုပုံသဏ္ဌာန် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ပြုပြင်

နေပြည်တော် ဇွန် ၂၆

**ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၄ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီး ဌာန ရုံးအမှတ်(၅)၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ခံများ တက်ရောက်ကြသည်။**

### အမှာစကားပြောကြား

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့် အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

### ရှင်းလင်းတင်ပြ

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနအတွင်းရှိ ဌာနအလိုက် ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများက မိမိတို့ဒေသလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေနှင့် ကြက်ဆူပင်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### လုပ်ငန်းဆိုင်ရာသုံးသပ်

ထို့နောက် စွမ်းအားပြည့် လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြီးကြပ်မှု ကော်မတီ အဖွဲ့ခေါင်းဆောင်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများကို သုံးသပ်တင်ပြသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ရှင်းလင်းတင်ပြချက် များနှင့် စပ်လျဉ်း၍ မှာကြားသည်။

### ပြုပြင်ဆောင်ရွက်သွား

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် စက်သုံးဆီနှင့် လျှပ်စစ်သုံးစွဲမှုကို စနစ်တကျ ချွေတာသုံးစွဲကြရန် လိုကြောင်း၊ ရေယာဉ်တစ်စီးချင်း၊ လူတစ်ဦးချင်း၏ လုပ်ဆောင်နိုင်မှုများကို ဌာနအကြီးအကဲများအနေဖြင့် အလေးထားစိစစ်သွားရန် လိုကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်အား၊ အရည်အသွေးတို့ကို ဌာနအကြီးအကဲများအနေဖြင့် အနီးကပ်ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ e-Governmentလုပ်ငန်းနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုထက် ပိုမိုဆောင်ရွက်နိုင်စေရန် တွန်းအားပေး ဆောင်ရွက်ကြရန်၊ ခြံစည်းရိုးကြက်ဆူပင်များကို မိုးဦးကာလတွင် ပိုမိုအလေးထား စိုက်ပျိုးသွားရန်နှင့် ဌာနများအလိုက် ရည်မှန်းချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးရန်၊ စီမံခန့်ခွဲမှုနှင့် လုပ်ဆောင်မှုပုံသဏ္ဌာန်ကို လက်ရှိအခြေအနေများနှင့်ကိုက်ညီအောင် ဌာနအကြီးအကဲတို့အနေဖြင့် ပြုပြင်ဆောင်ရွက်သွားရန်၊ ရည်မှန်းချက် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ကြရန်တို့ကို အလေးထားမှာကြားပြီး အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ဝန်ထမ်းများ ဌာနအလိုက်လျာထားချက် ပြည့်မီကျော်လွန်အောင်ကြိုးပမ်း ဥပဒေနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ တိကျစွာလိုက်နာဆောင်ရွက်

နေပြည်တော် ဇွန် ၂၆

**သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။**

## တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

## မှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းဌာနတစ်ခုချင်း အလိုက် လျာထားချက်များ၏ ထုတ်လုပ်မှုအပေါ် လိုအပ်ချက်များနှင့် လျာထားချက်များ ပြည့်မီကျော်လွန်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

## အရည်အသွေးမြင့်မားတိုးတက်ရေး

ထို့နောက် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး ပြောင်းလဲတိုးတက်နေသော ခေတ်နှင့်အညီ ဝန်ထမ်းများသည် ဌာနအလိုက် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို မဖြစ်မနေ နည်းလမ်းရှာ ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဌာနလုပ်ငန်းများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန်၊ စက်သုံးဆီအစားထိုး ဇီဝဒီဇယ်ဆီ ရရှိသုံးစွဲနိုင်ရန်အတွက် ကြက်ဆူပင်စိုက်ပျိုးရေးကို စီမံချက်ချမှတ်ပြီး အောင်မြင်အောင် အလေးထားဆောင်ရွက်ကြရန်၊ မိမိတို့ဌာနများရှိ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားတိုးတက်ရေးကို ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေ ဝန်ကြီး ဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၆

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေကို ကြည့်ရှုစစ်ဆေးသည်။**

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ စီမံကိန်းအလုပ်ရုံအဆောက်အအုံများအတွက် Steel Structure များ ရောက်ရှိမှုနှင့် တပ်ဆင်ရန်အတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှုစက်ရုံ စီမံကိန်း အလုပ်ရုံ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုများနှင့် စက်ပစ္စည်းများတပ်ဆင်ရန်အတွက် ကြိုတင်နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

## ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးက စီမံကိန်းတစ်ခုချင်းအလိုက် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းအလုပ်ရုံများအတွက် Steel Structure များကို အလုပ်ရုံအလိုက် စနစ်တကျ ထိန်းသိမ်းထားရှိရေး၊ မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှုစက်ရုံစီမံကိန်းတွင် စက်ပစ္စည်းများ အချိန်မီ တပ်ဆင်နိုင်ရန်အတွက် တည်ဆောက်မှုလုပ်ငန်းများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရေး၊ ရောက်ရှိလာသည့် စက်ပစ္စည်းများကို စနစ်တကျ စစ်ဆေးလက်ခံ၍ စာရင်းဇယားများထားရှိ ထိန်းသိမ်းရေး၊ စက်တပ်ဆင်ရေးအပိုင်းအတွက် လိုအပ်သော ကြိုတင်လေ့လာပြင်ဆင်မှုများ ပြုလုပ်ထားရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးစေရေးနှင့် စက်သုံးဆီ ချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံစီမံကိန်း မြေနေရာကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စီမံကိန်းမြေနေရာ၏ တည်နေရာနှင့်အကျယ်အဝန်း၊ လျှပ်စစ်ဓာတ်အားနှင့် ရေရရှိရေး ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

## ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးက မြေနေရာဧရိယာအား လိုအပ်သော တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ထားရှိရေး၊ စက်ရုံအဝင်လမ်း ဖောက်လုပ်နိုင်ရေးအတွက် လမ်းအူကြောင်း ရှာဖွေထားရှိရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

**၂၇–၆–၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅း၂၀ | ၇။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၅း၃၀ | ၈။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅း၅၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၆း၄၀ | ၁၃။ | လှုပ်လှုပ်ရှားရှား ပုံရိပ်များ |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း–၅) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း–၂၀) ဇာတ်သိမ်းပိုင်း |

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် (တနင်္ဂနွေနေ့)

**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့**

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

# Shining Star သက်တန်းအလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၆

**၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် Shining Star သက်တန်းအလိုက် ကြက်တောင်ပြိုင်ပွဲ၊ ဗိုလ်လုပွဲ ပွဲစဉ်များနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက် ညနေပိုင်းက အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။**

## သြဝါဒစကား

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် နာယက ဦးကြည်ညွှန့်က သြဝါဒစကားပြောကြားပြီး Shining Star ကြက်တောင်အသင်း နည်းပြ ဒေါ်ဆွေမာဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက်ဆုချီးမြှင့်ပွဲကို ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် နာယက ဦးကြည်ညွှန့်၊ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါ ဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)နှင့် အမှုဆောင်များ၊ ပြိုင်ပွဲဖြစ်မြောက်ရေး ပံ့ပိုးကူညီပေးသူများနှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၂ နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊




အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ လူသစ်တန်း နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အလွတ်တန်း အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယ ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

## လက်ခံယူ

ထို့နောက် Shining Star ကြက်တောင်အသင်း နည်းပြ ဒေါ်ဆွေမာဦးက ပြိုင်ပွဲ၏ အငယ်ဆုံးတန်း အသက် ၁၀ နှစ်အောက် အမျိုးသားပြိုင်ပွဲ၌ အကောင်းဆုံးဆုရ အောင်မျိုးထူး (Shining Star)အား ဆုချီးမြှင့်သည်။ ဆက်လက်၍မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါဆေးဝါးနှင့်ဆောက်လုပ်ရေးလုပ်ငန်း)က Shining Star ကြက်တောင်အသင်းအား ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ အသင်းနည်းပြ ဒေါ်ဆွေမာဦးက လက်ခံယူသည်။ **(အပေါ်ပုံ)**

## ကျင်းပ

အဆိုပါပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၄ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ငွေရတုမှ ရွှေရတု–စိန်ရတုမင်္ဂလာသို့

သား **ဇော်ဝင်းသိန်း(မဲချို)**နှင့် သမီး **ကေသီဦး(ပူစူး)** တို့၏ ၂၇–၆–၂၀၀၇ ရက်တွင် ကျရောက်သော ငွေရတု မင်္ဂလာမှ ရွှေရတုမင်္ဂလာ၊ စိန်ရတုမင်္ဂလာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့ကြစေရန် ဆုတောင်းလိုက်ပါသည်။

**မေမေ–ဒေါ်ခင်သီ၊ မေမေ–ဒေါ်ခင်ညိုညို၊**
**ပါပါလေး–ဦးမြင့်သိန်း၊**
**ဒေါ်လေး–ဒေါ်သီသီနွယ်၊**
**ဦးကြည်ထွန်း–မမ မေသက်ဦး၊**
**ဦးမြတ်ခိုင်–ညီမ နွယ်နီဦး၊**
**ညီမငယ်–သီတာဦး၊ နီလာဦး၊**
**ညီ–ရဲရင့်သိန်း၊ ရဲမွန်သိန်း၊**
**တူ–ဇာနည်ဝဏ္ဏ၊ အောင်သူဝဏ္ဏ၊**
**တူမ–ခိုင်သင်းနွယ်ဦး၊ ဟေမာန်ဦး။**

## ငွေရတုမှ ရွှေရတု–စိန်ရတုမင်္ဂလာသို့

ပါပါး **ဇော်ဝင်းသိန်း (မဲချို)** နှင့် မာမား **ကေသီဦး(ပူစူး)** တို့၏ ၂၇–၆–၂၀၀၇ ရက်တွင် ကျရောက်သော ငွေရတု မင်္ဂလာမှ ရွှေရတု မင်္ဂလာ၊ စိန်ရတု မင်္ဂလာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့ကြ စေရန် ဆုတောင်းလိုက်ပါသည်။

**ချစ်သားကြီး– Ethan သုအောင်ဇော်**
**ချစ်သားငယ်– Alwyn သုနောင်ဇော်နှင့်**
**Brent သုညီဇော်။**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ အမှတ် (၃) နေ
ဦးအောင်သိန်း–ဒေါ်အေးမြင့်တို့၏သား

**မောင်မင်းအောင် B.Sc (Bot) နှင့်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ (၄) လမ်း၊ အမှတ် (၂၀) နေ
(ဦးချစ်လှိုင်)–ဒေါ်ရီတို့၏သမီး

**မနီနီလှိုင် B.A (Eco)**

တို့သည် ဒေါ်ချိုချိုဝင်း (ဦးစီးအရာရှိ၊ တရားရုံးချုပ်၊ ရန်ကုန်မြို့)၏ရှေ့မှောက်တွင် ၁၅–၆–၂၀၀၇ ရက်၌ လက်ထပ်ပြီးစီးပါကြောင်း။ **မောင်မင်းအောင်–မနီနီလှိုင်။**

## မင်္ဂလာဦးဆုတောင်း

**ကျော်ကို** နှင့် **တင်ဇာ** တို့၏ မင်္ဂလာဦးရက်မြတ်မှသည် မပြောင်းလဲသော မေတ္တာ၊ ခိုင်မြဲသောသစ္စာတို့ဖြင့် နားလည်မှုပြည့်ဝသော ဘဝခရီးဖော်ကောင်းများ ဖြစ်နိုင်ကြပါစေ။

**မမ – မေမွန်**
**ညီမ – အိချော၊ ဇင်မီ။**

## မွေးနေ့ဆုတောင်း

ဖေဖေ ကိုသက်နိုင်ဦးနှင့် မေမေ မမဍ္ဍူအေးတို့၏ သားဦးရတနာလေး **မောင်ကောင်းခန့်ကျော် (ခ) ဂူးဂူး** ရဲ့ ၂၇–၆–၂၀၀၇ ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင် စိတ်ချမ်းသာ ကိုယ်ချမ်းသာစွာနှင့် ဘဝတစ်လျှောက်လုံး ပျော်ရွှင်ချမ်းမြေ့ နိုင်ပါစေလို့ ဖေဖေနှင့်မေမေ ဆုတောင်းလျက်–

**ဖေဖေ ကိုသက်နိုင်ဦး–မေမေ မမဍ္ဍူအေး**
**ခေတ္တ Dubai, U.A.E။**

## ကင်ပွန်းတပ်မင်္ဂလာ

နှစ်ဖက်သော ဘိုးဘိုး–ဘွားဘွားများကို အမှူးထား၍ ၂၆–၁၂–၂၀၀၆ ရက်တွင် မွေးဖွားခဲ့သော ပါးပါး ဟုန်းဂူချန်း(ခ) ဦးမောင်မောင်ဟုန်း–မေမေ ဒေါ်ဝင်းဝင်းခိုင်တို့၏ သားမြတ်ရတနာလေးအား **မောင်ဖွဲ့မာန်ဝင့်ထယ်(ခ) ဟုန်းအင်ကျန်း**ဟု အမည်ပေးကင်ပွန်းတပ် မင်္ဂလာကို ၂၆–၆–၂၀၀၇ ရက်တွင် ပြုလုပ်ပေးပြီး ဖြစ်ပါကြောင်း။

**ချစ်ပါးပါး–ဟုန်းဂူချန်း(ခ)ဦးမောင်မောင်ဟုန်း**
**ချစ်မေမေ–ဒေါ်ဝင်းဝင်းခိုင်။**

## မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရုပ်ရှင်ပွဲ သမ္မတရုံ၌ ပြသမည်

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရန်ပုံငွေရုပ်ရှင်ပွဲကို ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ပြသမည်ဖြစ်ရာ အဆိုပါ ရန်ပုံငွေရုပ်ရှင်ပွဲ အဖြစ် ဇူလိုင်၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အကယ်ဒမီလွင်မိုးနှင့် အကယ်ဒမီနန္ဒာလှိုင်တို့ပါဝင်သည့် **“ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း”** ရုပ်ရှင်ဇာတ်ကားကို ပြသမည်ဖြစ်သည်။ ကြည့်ရှုအားပေးလိုပါက ဇူလိုင် ၁ ရက်တွင် ရုပ်ရှင်မပြသမီ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ လက်မှတ်များရောင်းချပေးမည်ဖြစ်သဖြင့် ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

## ပါကစ္စတန်တောင်ပိုင်း၌ မုန်တိုင်းထပ်မံတိုက်ခတ် ငါးဖမ်းလှေများပျောက်ဆုံး၊ ဒေသခံပြည်သူများရွှေ့ပြောင်း

ကရာချိ ဇွန် ၂၆

**ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မုန်တိုင်းတိုက်ခတ်ပြီး မကြာမီ ဇွန် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်က ပါကစ္စတန်နိုင်ငံ ကမ်းရိုးတန်းဒေသများသို့ ဆိုင်ကလုန်းမုန်တိုင်းတစ်ခု ထပ်မံတိုက်ခတ်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

ပျောက်ဆုံး

**အဆိုပါမုန်တိုင်းကို ယမ်ယင်ဟုအမည်ပေးထားပြီး မုန်တိုင်းမှာ တစ်နာရီလျှင် မိုင် ၈၀ နှုန်းတိုက်ခတ်ခဲ့သည်။ ထိုသို့မုန်တိုင်းတိုက်ခတ်မှုကြောင့် ပင်လယ်ပြင်၌ ငါးဖမ်းလှေအများအပြား ပျောက်ဆုံးလျက်ရှိပြီး ဒေသခံပြည်သူ တစ်သိန်းကျော်အား ရေလွှမ်းမှုမှလွတ်ကင်းရာကုန်းမြင့်များသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အာဏာပိုင်များက ပြောကြားသည်။**

## အင်္ဂလန်၌ မိုးသည်းထန်ရွာသွန်းပြီး ရေလွှမ်း ဒေသခံများ နေအိမ်များမှ စွန့်ခွာခဲ့ရ

**လန်ဒန် ဇွန် ၂၆**

အင်္ဂလန်နှင့်ဝေလတို့၌ ဇွန် ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ် ခဲ့ရာ ဒေသခံပြည်သူ ထောင်ပေါင်းများတို့ နေအိမ်များကိုစွန့်ခွာရပြီး လူသုံးဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

**ရေလွှမ်း**

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ယော့ရှိုင်းယားနှင့် ရှော့သာဟမ်ဒေသအနီး ရေကာတာ တစ်ခု ကျိုးပေါက်သွားရာ အနီးဝန်းကျင်မှကျေးရွာများ ရေလွှမ်းခံခဲ့ရသည်။ **(အောက်ပုံ)**

**ကယ်ဆယ်**

ရေလွှမ်းမှုဖြစ်ပွားရာအရပ်များသို့ ကယ်ဆယ်ရေးရဟတ်ယာဉ်များစေလွှတ်ကာ ရေဘေးဒုက္ခကြုံတွေ့နေရသူ များအား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



## အင်အားအသင့်အတင့် မြေငလျင်လှုပ်

**နေပြည်တော် ဇွန် ၂၆**

ဇွန် ၂၆ရက် မြန်မာစံတော်ချိန် ၀၀နာရီ၊ ၄၁မိနစ်၊ ၀၂စက္ကန့် အချိန်တွင် မန္တလေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင် ၄၆၀ ခန့် ကွာဝေးသော (အိန္ဒိယ– မြန်မာ နယ်စပ်အနီး) မြန်မာနိုင်ငံ ပြင်ပတစ်နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာ စကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက တိုင်းထွာရရှိသည်။

## မြန်မာ့ရုပ်မြင်သံကြား

**၂၇–၆–၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let’s Go

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Pactice In Reading
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၀ ၆။ အကပြိုင်ပွဲ
၁၇း၁၅ ၇။ သီချင်းကြီးပဒေသာ
၁၇း၂၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သုတစုံလင်ရွှေညာဏ်ရှင်
၁၉း၀၀ ၁၃။ Discovery
၁၉း၁၅ ၁၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (တီကျစ်ကျောက်မီးသွေး သတ္တုတွင်း)
၁၉း၃၀ ၁၅။ **ချစ်လွန်းလို့** (ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ–ကြည်စိုး)
၁၉း၃၅ ၁၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၉း၄၀ ၁၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၅၀ ၁၈။ စွမ်းဆောင်ရည်မြင့်မား မြန်မာ အမျိုးသမီးများ(အပိုင်း–၁)
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **မိုးသက်လေကို ခြွေတဲ့ဆောင်း (နိုင်းနိုင်း၊ နေအောင်၊ အိန္ဒြာကျော်ဇင်၊ ပပဝင်းခင်၊ ခင်သန်းနု) [ဒါရိုက်တာ–စင်ရော်မောင်မောင်]**

## မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

## ရွှေဖရုံသီးစားခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားမှု ကာကွယ်နိုင်

ပီနန် ဇွန် ၂၆

**ရွှေဖရုံသီးသည် ကင်ဆာဆဲလ်များဖြစ်ပွားမှုကို ထိန်းချုပ်ကာကွယ်နိုင်ကြောင်း မလေးရှားနိုင်ငံမှ သုတေသန ပညာရှင်များက ပြောကြားသည်။**

ကာကွယ်နိုင်

**ရွှေဖရုံသီးသည် ကင်ဆာဆဲလ်များကို ထိန်းချုပ်ကာကွယ်နိုင်သော ပရိုပိုင်အိုနစ်အက်စစ် ထုတ်လုပ်ပေးနိုင် ကြောင်း မလေးရှားနိုင်ငံ ဆန်းစ်တက္ကသိုလ်နည်းပညာဌာနမှ ဒေါက်တာနိုရာအဇစ်အဗ္ဗဒူလာအဇစ် က ပြောကြားသည်။**

အားနည်းချည့်နဲ့အောင်

**ရွှေဖရုံသီး၌ပါဝင်သော ပရိုပိုင်အိုနစ်အက်စစ်သည် ကင်ဆာဆဲလ်များကို အားနည်းချည့်နဲ့သွားအောင် လုပ်ဆောင်ပေးနိုင်ကြောင်း တွေ့ရှိရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။**



အထောက်အကူပြု

**ထို့အပြင် ရွှေဖရုံသီး၌ အမျှင်ဓာတ်များပါရှိသလို ဗီတာမင်အေ၊ အင်တီအောက်စီဒင့်သတ္တုဓာတ်များလည်း ပါဝင်သဖြင့် လူတို့၏ကျန်းမာရေးကို လွန်စွာအထောက် အကူပြုကြောင်း ဒေါက်တာနိုရာအဇစ်အဗ္ဗဒူလာအဇစ်က ပြောကြားသည်။**

အကြံပေးထား

**ထို့ကြောင့် ရွှေဖရုံသီးကို စားသုံးခြင်းသည် ကင်ဆာ ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်သဖြင့် ပုံမှန် စားသုံးသင့်ကြောင်း ၎င်းကအကြံပြုထားသည်။**



## နွားထိုးကြီးမြို့နယ် ဖလံကုန်းကျေးရွာအုပ်စုလုံးကျွတ် e-Library နှင့် စာကြည့်တိုက်အဆောက်အအုံဖွင့်၊ သုတ ရသ စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

**နွားထိုးကြီး ဇွန် ၂၀**

နွားထိုးကြီးမြို့နယ် ဖလံကုန်းကျေးရွာအုပ်စုလုံးကျွတ် e-Libraryနှင့် စာကြည့်တိုက် အဆောက်အအုံပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် ညနေ ၃ နာရီက ဖလံကုန်းကျေးရွာ သန္တာဂုံစာကြည့်တိုက်တွင်ကျင်းပရာ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကုလားတို့က e-Libraryနှင့် စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားပြီး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများကို စာကြည့်တိုက်မှူး ဒေါ်မျိုးမျိုးက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရပ်ကွက်အဖွဲ့ဝင် ဦးမြင့်သန်းကပေးအပ်ရာ မြင်းခြံခရိုင်ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်ကလက်ခံယူသည်။

**လှူဒါန်း**

အဆိုပါ စာကြည့်တိုက်ကို ဖလံကုန်းကျေးရွာ သန္တာဂုံစာကြည့်တိုက် ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရက စုစုပေါင်းတန်ဖိုးငွေကျပ် ၈၂ သိန်း တစ်သောင်း တန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံ e-Library ခန်းသုံး ကွန်ပျူတာလေးစုံနှင့်ဆက်စပ်ပစ္စည်းများ၊ သုတ ရသစာအုပ်၊ စာစောင်မျိုးစုံနှင့် ရုပ်မြင်သံကြားပြစက်များကို လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကလေးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ အလှူငွေ၊ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ကလေး ဇွန် ၈

**စစ်ကိုင်းတိုင်း ကလေးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ရက်က အထက(၁) ရွှေရတုခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းအောင်က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။**



အခမ်းအနားတွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၅၀၀၀၀**(ယာပုံ)**၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၀၀၀၊ ကလေးတက္ကသိုလ်ကငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်နှင့်စာရေးကိရိယာများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီး ဝင်းခိုင်က ငွေကျပ်၁၀၀၀၀၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၂၀၀၀၀၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၅၀၀၀၀နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက သက်ဆိုင်ရာကျောင်းများအလိုက် အလှူငွေများ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံယူကြသည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ခဲ့ပြီး စုစုပေါင်းလှူဒါန်းငွေကျပ် ၁၁၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဇွန် ၂ ရက်က ကန့်ဘလူ မြို့နယ် ထန်းတောကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုကို မြို့နယ် အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ကျေးရွာ ရပ်မိ ရပ်ဖများ ကြည့်ရှုကြစဉ်။** (မြို့နယ်စည်ပင်)



## အရာရှိမြေတိုင်းသင်တန်းနှင့် တန်းမြင့်မြေတိုင်းသင်တန်းဆင်း

ပြင်ဦးလွင် ဇွန် ၁၀

*လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မြေတိုင်း ဦးစီးဌာန အရာရှိ မြေတိုင်းသင်တန်း အမှတ်စဉ်(၄၃)နှင့် တန်းမြင့် မြေတိုင်းသင်တန်း အမှတ်စဉ်(၅၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁ရက်က ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ မြေတိုင်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။*

*သင်တန်းဆင်းပွဲတွင် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား လေ့ကျင့်သင်ကြားရေးနှင့် အမှတ်(၁)မြေတိုင်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီးက ထူးချွန်စွာ အောင်မြင်သော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မျိုးဇင်ဝင်း (ပထမ)၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အုတ်ဖိုမြို့မှ ကျော်မင်းလှိုင် (ဒုတိယ)၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အိမ်မဲမြို့မှရဲသူကျော် (တတိယ)တို့အား ဆုများ ချီးမြှင့်ပေးအပ်၍ သင်တန်းသားများအားသင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်လိုက်ကြောင်း သိရသည်။* (၂၈၀)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်**
**ပထမဝါဆိုလဆန်း ၁၄ ရက်**
**၂၈-၆-၂၀၀၇**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

**နေ့လယ်ပိုင်း**

- ၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
- ၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
  - (၁) အင်္ဂလိပ်စာမခက်ပါ (ဦးဝမ်ထိန်)
  - (၂) ဟာသအတွေးအမှတ်(၂) (ကောင်းသန့်စီစဉ်သည်)
- ၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နေ့ကြီး ရက်ကြီးများ- စတုတ္ထပိုင်း-မောင်ဆုရှင်)
- ၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (အုန်းနို့ငါးခြောက်ချက်၊ ပဲနောက်စေ့ဟင်းချိုနှင့် သရက်ချဉ်သုပ်)

**ညနေပိုင်း**

- ၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၁၅ သုတကမ္ဘာ
- ၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
  - (၁) ဘယ်ပန်းပန်ပါ့မယ် (တက္ကသိုလ်ချိုကြီး)
  - (၂) မောင့်ကို ပန်းလိုပန်ထားချင်တယ် (သဲဆုမိုး)
- ၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အပြိုင်အဆိုင်)
- ၁၉း၃၀ ဟန်မျိုးစုံညီတေးကိုသီ ရွှေလည်တိုင် (၁)တင်တင်မူ၊ (၂) ဝင်းဦး၊ (၃) နီနီဝင်းရွှေ
- ၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) ချစ်ပြုံးနှင်းဆီ (ရေနံ့သာစိုးလှိုင်)
  - (၂) အမြတ်တနိုး (နုနုလွင်)
  - (၃) သီတာခုနစ်တန် (မောင်လှမော်)

## ဈေးကြီးပွားရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

**ကောလင်း ဇွန် ၂၂**

ကောလင်းမြို့နယ် စည်ပင်သာယာဈေး ဈေးကြီးပွားရေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန်၁၆ ရက်က မြို့တော်ခန်းမတွင်ကျင်းပရာ အသင်းဒါရိုက်တာ ဥက္ကဋ္ဌ ဦးကြည်၊ ဒါရိုက်တာအတွင်းရေးမှူး ဦးသိန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလှမြင့်နှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် အသင်းဒါရိုက်တာဥက္ကဋ္ဌ ဦးကြည်နှင့် သမဝါယမဦးစီးအရာရှိဦးလှမြင့်တို့က အမှာစကားပြောကြားကြပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ခေါင်းဆောင် ဦးနေဝင်းက လည်းကောင်း၊ ဈေးကြီးပွားရေးအသင်း နှစ်ချုပ်အစီရင်ခံစာကို မြို့နယ်သမဝါယမဦးစီးဌာန အကြီးတန်းစာရေး ဦးမြင့်အောင်က လည်းကောင်း တင်ပြဆွေးနွေးဖတ်ကြားရာ အသင်းသူအသင်းသားများက ပြန်လည်ဆွေးနွေးအကြံပြုကြသည်။ **(၀၂၆)**

## မြေယာရှုခင်း အလှပြုပြင်

**ဟိုပင် ဇွန် ၇**

ဟိုပင်မြို့စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့အဝင်တံတားအနီး မြေယာရှုခင်း အလှပြုပြင်ဆောင်ရွက်ခြင်းကို မေ ၂၅ ရက်က မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်ခွန်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## သဘာဝပတ်ဝန်းကျင် သစ်တောများ ထိန်းသိမ်းရေး ပညာပေးဆွေးနွေး

**အုတ်တွင်း ဇွန် ၁၂**

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တောပညာပေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၁၀ ရက်က ပဲခူးတိုင်း အုတ်တွင်းမြို့နယ် မြို့မ(၂) ဘိနယ်ပေါက်တောကျေးရွာအုပ်စု လက်ပံခုံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ပေါက်တော ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလေးဝင်းနှင့် အဖွဲ့ဝင်(၁)ဦးမိုးဆွေတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့မ(၂) ဘိနယ်တာဝန်ခံတောအုပ်ကြီး ဦးသိန်းထွန်းက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်သစ်တောများ မပျက်စီးအောင် ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းများ တရားမဝင် ထုတ်လုပ်၊ သယ်ယူရောင်းချမှု ထိန်းသိမ်းရေး၊ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်များတွင် တောင်ယာကျူးကျော်မှုမပြုလုပ်ရေးကိစ္စများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။**(ယာပုံ)** **(၃၁၆)**





မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်၅၀ နေ ဦးလှမောင်-ဒေါ်ဘိုမ မိသားစုက ကျောင်းအလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။(က-ပ)

## ကလောမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ကလော ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ရက် နံနက် ၁၀နာရီက ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပရာ ဗိုလ်မှူးကြီးသူရဘိုနီနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြစိန်က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်းနှင့် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေသော သူငယ်တန်းဖတ်စာအုပ်အစုံ ၂၅၀၀ တန်ဖိုးငွေကျပ် ၅၂၅၀၀၀ကိုမြို့နယ်ပညာရေးမှူးကပေးအပ်ရာ ကျောင်းများကိုယ်စား အမက(၂) ကလော ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက လက်ခံယူသည်။ (၄၀၈)



နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ၂၈လမ်းနေ ဦးဖြူလွင်-ဒေါ်ရှုယုံ၊ သမီး မငွေးငွေးဝင်း၊ မခင်သန်းငွေး၊ မခင်ဖုန်းလွင်၊ သားမောင်ဇော်လတ်မိသားစုက မောင်ဇော်လတ်မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## တပ်ကုန်းမြို့နယ် ပြည်စံအောင်စံပြကျေးရွာနေ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

တပ်ကုန်း ဇွန် ၇

**ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ပြည်စံအောင်စံပြကျေးရွာနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီခွဲက တပ်ကုန်းမြို့နယ် ပြည်စံအောင်စံပြကျေးရွာ ရှင်းလင်းဆောင်၌ ကျင်းပသည်။**

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် ဥက္ကဋ္ဌ(ကိုယ်စား) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးသိန်းက အမှာစကားပြောကြားပြီး ပျဉ်းမနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးက နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးမှုအခြေအနေကို တင်ပြဆွေးနွေးသည်။



ထို့နောက် တပ်ကုန်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်က ပြည်စံအောင်စံပြကျေးရွာ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်မှုအခြေအနေတို့ကို တင်ပြဆွေးနွေးပြီး ပျဉ်းမနားခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဦးခင်စိုးက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းသို့ ပေးအပ်သည်။ **(အပေါ်ပုံ)** **(စာပေနှင့်စာနယ်ဇင်း)**



## တာချီလိတ်တာလေ့ မူကြိုကျောင်းလမ်း ကွန်ကရစ်တံတားတည်ဆောက်

**တာချီလိတ် ဇွန် ၁**

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် တာချီလိတ်မြို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လိုအပ်သည့်နေရာများတွင် ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းတို့ကို ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ တာလေ့ရပ်ကွက် မူကြိုကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ရပ်မိရပ်ဖနှင့် ပြည်သူများပူးပေါင်း၍ ဆောင်ရွက်ရာ မေ ၁၈ရက်က တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်တို့ ကွင်းဆင်းကြပ်မတ်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(မြို့နယ် စည်ပင်)**

## မြို့နယ်သတင်းများ

## ကထာဝတ္ထုပါဠိတော်ကျမ်းအတွက် ကြေးပြားများလှူဒါန်း

**ရန်ကုန် ဇွန် ၂၆**

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင်-ပဥ္စမအုပ် ကထာဝတ္ထုပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ စမ်းချောင်းမြို့နယ် ဟသ်ာတလမ်း အမှတ် ၂၁ နေ ဒေါ်ချိုမာဦး၊ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်(၄၇/အေ)နေ ပါမောက္ခ ဦးရွှေသွင်-ကထိက ဒေါ်ခင်ခင်အေး၊ သားသမီး၊ မြေးတစ်စု၊ အင်းစိန်မြို့နယ် ထန်းပင်ကုန်း စံပယ်လမ်းနေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြီး(ငြိမ်း)-ဒေါ်ဆွေဆွေမြင့်နှင့် မအိမွန်ခင်နှင့် မောင်လေး မောင်ဉာဏ်လွင်၊ မိုးကုတ်မြို့နေ မောင်မင်းသူ-မဖြူဖြူမြင့်၊ အထက(၂)မဂ်လာဒုံမှ ကျောင်းသူ မရွှမ်းလက်အောင်နှင့် ကျောင်းသူ မရည်မွန်သန့်၊ အနောက်ရန်ကင်း ရန်ရှင်းလမ်း(YCDC)ရိပ်သာ၊ အမှတ် ၁၆ နေ ဗိုလ်မှူးကျော်ကျော်(ငြိမ်း)-ဒေါက်တာစုစုခိုင်(YCDC)ဒုတိယဌာနမှူး၊သမီး မအေးသီရိကျော်၊မခင်ရတနာကျော်၊ ဗဟိုလမ်း ကြို့ကုန်းရိပ်သာ တိုက်(၃၁) အခန်း ၉နေ ဒုတိယရဲမှူး ဦးမောင်(သတင်းတပ်ဖွဲ့)-ဒေါ်ခင်စောရွှေ(ကျောင်းဆရာမ၊ ငြိမ်း)၊ ဒလမြို့နယ် ဗိုလ်ရန်ပြေ ရပ်ကွက် မင်းရဲကျော်စွာ(၂)လမ်း အမှတ်(၁၀၁၄)နေ ဦးကျော်ကိုဆန်း-ဒေါ်ဟန်ယဉ်ယဉ်၊ သား မောင်မျိုးမြင့်အောင်၊ သမီး မဇာဇာဝင်း၊ ကျောက်တံတားမြို့နယ် ၃၃ လမ်း အမှတ် ၁၁၃ နေ မိဘနှစ်ပါးဖြစ်ကြသော ဦးအောင်လွင်-ဒေါ်စုဟွာ၊ သား ဒေါက်တာ စိုးယုအောင်၊ ဒေါက်တာသက်လွင်၊ မြောင်းမြမြို့ ဂုန်နီစက်ရုံဝင်း၊ မြဇေယျုကျောင်းတိုက်မှ ဆရာတော်ကြီး ဘဒ္ဒန္တတေဇ(အစိုးရဓမ္မာစရိယ)၊ မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် အောက်လမ်းမကြီး အမှတ် ၁၇၃ နေ ဘိုးဘွားမိဘမောင်နှမများနှင့် ဦးချစ်မြိုင်အား ရည်စူး၍ ဒေါ်မြနှင်း၊ မြေးမမျိုးမြတ်ဦး၊ မဝင်းရွှေရည်၊ မယုယုဝါ၊ မိခင်ကြီး ဒေါ်ခင်လှိုင်အား အမှူးထား၍ ဦးမျိုးတင့်-ဒေါ်လုရီ၊ သမီး မမေသဥ္ဇာအောင်၊ မယဉ်မင်းဦး၊ သား မောင်ပြည့်စုံ၊ သန်လျင်မြို့ ရုံးတော်ရပ်ကွက်၊ သမိန်ဗရမ်းလမ်း အမှတ်(ဒီ-၂)နေ မိခင်ကြီး ဒေါ်ခင်လှိုင်၊ သမီး ဒေါ်လုရီ၊ မြေး မမေသဥ္ဇာအောင် မယဉ်မင်းဦး၊ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းမကြီး အမှတ် ၄၀၁ နေ ဒေါ်ကျင်အေးအား ရည်စူး၍ ဦးစံရီနှင့် ဦးစံရီသီးခြားအလှူတို့က ကြေးပြားတစ်ချပ်စီ စုစုပေါင်း ကြေးပြား ၁၇ချပ် တန်ဖိုးငွေကျပ် သုံးသိန်းလေးသောင်းကို လာရောက်လှူဒါန်းကြသည်။

### လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြား တစ်ချပ်လျှင် အလှူငွေကျပ် ၂၅၀၀၀ဖြင့် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၈၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မိုးသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲ အရာတော်၌ ကျင်းပ

အရာတော် ဇွန် ၁၅

*စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ်၏ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးသီးနှံစုံ စီမံကိန်းတာဝန် ပေးအပ်ပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။*

*ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးထွန်းနေစိုးက ၂၀၀၆-၂၀၀၇ ခုနှစ် အရာတော်မြို့နယ်၏ စီးပွားရေး စီမံကိန်း ရည်မှန်းချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို ပြန်လည် သုံးသပ်ခြင်းနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံကိန်း ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။*

*ဆက်လက်၍ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင် မြန်မာ့ စိုက်ပျိုးရေးမှ မန်နေဂျာ ဦးစိန်မြင့်က စိုက်ပျိုးရမည့် စီမံကိန်းသီးနှံများနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းသည်။*

*စီမံကိန်းတာဝန်များ ပေးအပ်ခြင်းကို မြို့နယ် ဥက္ကဋ္ဌက ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဆောင်ရွက်ရမည့် စီမံကိန်း ကဏ္ဍ အလိုက် ရည်မှန်းချက်များကို ဌာနဆိုင်ရာများ ကိုယ်စား မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းထံသို့ ပေးအပ်ပြီး စခန်းနယ်မြေအလိုက် တာဝန်များကို ပေးအပ်သည်။*

*(မြို့နယ် ပြန်/ဆက်)*



**မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်က ဈေးတန်းရပ်ကွက်သစ်(၁)လမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းထားမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ ဦးလှမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## နိုင်ငံသားအရည်အချင်းပြည့်မီသူများ စိစစ်ရေးကတ်ပြား ပေးအပ်ရေးဆောင်ရွက်

**မိုးညှင်း ဇွန် ၁၅**

မိုးညှင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိန်ထွန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းဟန်လိုက်ပါလျက် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ မှန်မှန်ကန်ကန်နှင့် အမြန်ဆုံးထုတ်ပေးနိုင်ရေး စီမံချက်အရ ဇွန် ၃ ရက်က စိမ်းလဲ့ရတနာခန်းမ၌ ကွင်းဆင်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်ဝင်းက လုပ်ငန်းအကောင်အထည်ဖော် ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ မိုးညှင်းမြို့နယ်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ခြောက်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




# မိဘမဲ့ကလေးများအား စာရေးကိရိယာပေးအပ်လှူဒါန်း တစ်ကိုယ်ရေသန့်ရှင်းရေး သိကောင်းစရာများ ဟောပြော

**တောင်ငူ ဇွန် ၁၈**

တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက တောင်ငူမြို့ (၁၉)ရပ်ကွက် မြင်းဖြူအင်းပရဟိတကျောင်းတွင် ဇွန် ၁၂ ရက်က ကျောင်းထိုင်ဘုန်းတော်ကြီးအား လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ မိဘမဲ့ကလေး ၅၀ တို့အတွက် ဗလာစာအုပ် ၂၅ဒါဇင်နှင့် ဘောပင်အချောင်း ၅၀ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာခင်လေးရီက တစ်ကိုယ်ရေသန့်ရှင်းရေး သိကောင်းစရာများအကြောင်း ဟောပြောသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် (၁၄)ရပ်ကွက်ရှိ စာကြည့်တိုက်သို့ သွားရောက်ပြီး ငွေကျပ် ၁၂၆၄၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်မျိုးစုံကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

# ကျေးလက်စာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံ ဆောက်လုပ်ရေး ညှိနှိုင်းအစည်းအဝေး ကျောက်ဆည်၌ ကျင်းပ

**ကျောက်ဆည် ဇွန် ၁၇**

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမတွင် ကျင်းပသည့် ကျေးလက်စာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံ ဆောက်လုပ်ရေးညှိနှိုင်းအစည်းအဝေးကို မေ ၃၁ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကိုယ်ပိုင်အဆောက်အအုံများ ဆောက်လုပ်ရေး၊ ဗဟိုအသိအမှတ်ပြု မှတ်ပုံတင်များ ဆောင်ရွက်ရေး၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဒေသခံပြည်သူများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေက ခရိုင်အတွင်း ကျေးလက်စာကြည့်တိုက်များ ဆောက်လုပ်ပြီးစီးမှုနှင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းများ အကောင်အထည်ဖော်မှု အခြေအနေကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**



**ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝေါ်ခုတ်မြို့သစ် ကျောက်ချော ခင်းခြင်းလုပ်ငန်းကို ဇွန် ၆ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ကျောင်းသုံးစာအုပ်များ လှူဒါန်းပွဲ မုံရွာ၌ကျင်းပ

မုံရွာ ဇွန် ၁၀

**မုံရွာမြို့နယ် ကျောက္ကာမြောက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ကျောင်းအပ်နှံရေးနေ့နှင့် ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။**

ရှေးဦးစွာ ကျောက္ကာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မုံရွာမြို့နယ် ကျောက္ကာမြောက်ကျေးရွာရှိ အလှူရှင်များက သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ ၃၈၀အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြရာ ကျောက္ကာမြောက်ကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးမြင့်နှင့် တာဝန်ရှိသူများက လက်ခံယူပြီး ကျောက္ကာမြောက်ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပိုကကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မော်လမြိုင်ကျွန်း-တယ်ချောင်းကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇွန်၁၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်တို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်စိုးက ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# ပြည်သူများ စာပေလေ့လာ ဖတ်ရှုလိုစိတ်ရှိရန် သတင်းစာဖတ်ပွဲနှင့် ပညာပေးဟောပြော

**ကွမ်းလုံ ဇွန် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာပေလေ့လာဖတ်ရှုလိုစိတ် ရှိလာစေရန် ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်၊ သတင်းစာဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကို ဇွန် ၃ ရက် နံနက် ၁၀နာရီက အောင်မင်္ဂလာရပ်ကွက်ရုံး၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

သတင်းစာဖတ်ပွဲတွင် အောင်မင်္ဂလာရပ်ကွက်မှ ဦးမိုးကျော်၊ မယေ့နပ်နှင့် ဒေါ်အီးမန်တို့က ပါဝင်ဖတ်ကြားကြပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းအောင်က သတင်းစာဖတ်ရှုခြင်း အကျိုးကျေးဇူးတို့ကို ရှင်းလင်းဆွေးနွေးသည်။

**ဟောပြော**

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမျိုးတင့်က ကြက်ငှက်တုပ်ကွေးရောဂါ အန္တရာယ်အကြောင်း သိကောင်းစရာတို့ကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဝန်းသိုတွင် စီမံကိန်း တာဝန်ပေးအပ်

**ဝန်းသို ဇွန် ၇**

စစ်ကိုင်းတိုင်း ကသာခရိုင် ဝန်းသိုမြို့နယ် ဒေါင်းမြူးခန်းမတွင် မေ ၂၇ ရက် နံနက် ၁၀ နာရီက ၂၀၀၇-၂၀၀၈ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေတာဝန်ခံများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခုနှစ် စီမံကိန်း တာဝန်များကို စခန်းအလိုက် တာဝန်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မိတ္ထီလာမြို့ ပျဉ်သာကျေးရွာ အုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံများဖွင့်

**မိတ္ထီလာ ဇွန် ၁၄**

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၈ ရက် နံနက် ၁၀နာရီခွဲက ပျဉ်သာကျေးရွာအုပ်စုတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမောင်မောင်အုန်းတို့က ပျဉ်သာကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်၊ ကျိတ်ပုလဲကျေးရာ ပုလဲရောင်ခြည်စာကြည့်တိုက်၊ သဲကုန်းကျေးရွာစာကြည့်တိုက်အဆောက်အအုံတို့ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ပျဉ်သာကျေးရွာစာကြည့်တိုက်တွင် ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်များအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက သုတ၊ ရသ စာအုပ် ၂၀၀၊ စာကြည့်တိုက်ငွေပဒေသာပင်အတွက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်သန်း၊ ဇနီး ဒေါ်ချိုချိုသိန်းမိသားစုက ငွေကျပ် ၁၀၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းကငွေကျပ် ၁၀၀၀၀၊ ဦးမြင့်ဆွေ-ဒေါ်ခင်အုန်းမြင့်(ရွှေနဂါး)မိသားစုက ငွေကျပ် ၁၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**



**မြောင်းမြခရိုင် လပွတ္တာမြို့ပေါ်ရပ်ကွက်များအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်(၅)ရပ်ကွက် အောင်သိဒ္ဓိလမ်း တစ်လျှောက်ရှိ အုတ်ရေမြောင်းအတွင်း အမှိုက်နှင့် အညစ်အကြေးများတူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သန်းတို့ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ တူးဖော်ရှင်းလင်းကြစဉ်။**

(မြို့နယ်စည်ပင်)

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများ ဖျက်ဆီးသည့်အခမ်းအနားတို့နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

ရန်ကုန် ဇွန် ၂၆

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် ဖျက်ဆီးသည့်အခမ်းအနားတို့နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များ၊ ဖိတ်ကြားထားသည့်တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနမှူး(မူးယစ်) ရဲမှူးကြီးခမ်းအောင်က သတင်းစာရှင်းလင်းပွဲနှင့်စပ်လျဉ်း၍ ပဏာမစကားပြောကြားသည်။

## ပြန်လည်ဖြေကြား

ထို့နောက် ပြည်တွင်းပြည်ပသတင်းစာဆရာများက သိရှိလိုသည်များကိုမေးမြန်းကြရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် လုပ်ငန်းအဖွဲ့များမှတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



ဇွန် ၂၆ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## မိုးလေဝသအခြေအနေ ၂၇-၆-၂၀၀၇

**နေပြည်တော်** — နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**ရန်ကုန်** — ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

## ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

### ဇွန် ၂၆ ရက် ပြိုင်ပွဲရလဒ်

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | ၉ – ၁ | သာသနာရေးဝန်ကြီးဌာန |
| အားကစားဝန်ကြီးဌာန | ၄ – ၀ | အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| ရှေ့နေချုပ်ရုံး | ၀ – ၇ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

### ယနေ့ကစားမည့်ပွဲစဉ်

| နေ့ရက်/အချိန် | အုပ်စု | ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနအသင်း |
|---|---|---|
| ၂၇–၆–၂၀၀၇ နံနက် ၇:၃၀ နာရီ | အုပ်စု(ဇ) | အမှတ်(၂)လျှပ်စစ်စွမ်းအားနှင့် ဆောက်လုပ်ရေး (ပေါင်းလောင်းအားကစားကွင်း) |
| ၂၇–၆–၂၀၀၇ ညနေ ၄ နာရီ | အုပ်စု(ဇ) | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန (ပေါင်းလောင်းအားကစားကွင်း) |
| ၂၇–၆–၂၀၀၇ ညနေ ၄ နာရီ | အုပ်စု(ဆ) | ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန (လယ်ဝေးအားကစားကွင်း) |

# မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ်အပေါ် သတင်းထုတ်ပြန်မှု မမှန်ကန် လုပ်ဇာတ်ဖန်တီးခြင်းနှင့် ကလိမ်ကျပြောဆိုခြင်းများသာဖြစ်

သတင်းဆောင်းပါး - မောင်ချစ်ကြည်
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)၏ (၉၆)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ အလုပ်သမားကိုယ်စားလှယ် ဦးခင်မောင်ဦးနှင့်ပတ်သက်ပြီး ပြည်ပအသံလွှင့်ဌာနများဖြစ်သည့် ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေတို့က မဟုတ်မမှန်သတင်းမျိုးစုံ ထုတ်လွှင့်ခဲ့ကြသည်။

## မီဒီယာကိုပြောကြားခဲ့

(၉၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကာလအတွင်း အစည်းအဝေးတက်ရောက်နေသော မြန်မာနိုင်ငံမှ အလုပ်သမားကိုယ်စားလှယ် ဦးခင်မောင်ဦးအား အလုပ်သမားအုပ်စု အစည်းအဝေးခန်းမအတွင်းမှ မောင်းထုတ်ခဲ့သည်ဟု ဇွန် ၁၂ ရက် နံနက် ၆ နာရီခွဲတွင် ဘီဘီစီနှင့်တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ အကြမ်းဖက်သမားတရားခံပြေး ပြည်သစ်ညွန့်ဝေ(ခ) မောင်မောင်က မီဒီယာများသို့ ပြောကြားခဲ့သည်။

## တွေ့ဆုံမေးမြန်း

ထို့ကြောင့် အဆိုပါသတင်းနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်အတိုင်း သိရှိနိုင်ရန် (၉၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသို့တက်ရောက်ခဲ့သော အလုပ်သမားကိုယ်စားလှယ် ဦးခင်မောင်ဦး အလုပ်လုပ်ကိုင်ရာ လှိုင်သာယာမြို့ စက်မှုဇုန်(၄)ရှိ မြန်မာမေဆန်ကုမ္ပဏီလီမိတက် (Good Morning) ပေါင်မုန့်စက်ရုံသို့ ဇွန် ၂၂ ရက်က သွားရောက်ပြီး တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၄



မြန်မာနိုင်ငံ အလုပ်သမား ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သော ဦးခင်မောင်ဦးက (၉၆)ကြိမ်မြောက် ILO ညီလာခံ၏ အသိအမှတ်ပြုကတ်ပြားကို ပြသစဉ်။